# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)


၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်　　၂၀၁၇ ခုနှစ်၊ ဇွန် ၂ ရက်၊ သောကြာနေ့၊　　အတွဲ (၅၆)၊ အမှတ်(၂၄၂)




# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဟဲဟိုးမြို့ရှိ ခေတ်မီသီးနှံစိုက်ခင်းများအား လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့ရှိ Prime Farm ၌ ခေတ်မီစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများကို ကြည့်ရှုလေ့လာသည်။

**ရှင်းလင်းတင်ပြ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ညနေ ၄ နာရီတွင် ဟဲဟိုးမြို့ရှိ Prime Farm သို့ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ Prime Farm ဒါရိုက်တာ Mr. Daniel နှင့် မန်နေဂျာ ဦးချမ်းမြေ့အောင်တို့က Prime Farm ထူထောင်ရခြင်း ရည်ရွယ်ချက်၊ ခေတ်မီစိုက်နည်းစနစ် အသုံးပြု၍ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၊ စမ်းသပ်သီးနှံများစိုက်ပျိုးထားရှိမှု၊ တင်ပို့ရောင်းချမှု၊ ဈေးကွက်အခြေအနေနှင့် အနာဂတ်လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ❇

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဟဲဟိုးမြို့ရှိ Prime Farm ၌ ခေတ်မီစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းအား ကြည့်ရှုလေ့လာစဉ်** (သတင်းစဉ်)



# မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးနှင့် ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေး

စာမျက်နှာ - ၃




LINGLONG TIRE
(Made in Thailand)




အနော်ရထာ တာယာရောင်းဝယ်ရေး　အမှတ် - ၂၆၉၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 501901, 09421167021, 535837, 09420237009, 539539, 532174, 532173, 527149, 523766, 682562, 683665, 683200, 686419, 667363

# မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍ၏ အလားအလာကောင်းများ

မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍအပါအဝင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ဘဏ်လုပ်ငန်း ကဏ္ဍ အခရာကျသည်မှာ တစ်စုံတစ်ရာ အငြင်းပွားစရာမရှိသောကိစ္စ ဖြစ်ပါသည်။ သို့သော် ၁၉၆၂ ခုနှစ်၌ တစ်ခုတည်းသော ပါတီ၏ဦးဆောင်မှု ဖြင့် ဆိုရှယ်လစ်စီမံကိန်း စီးပွားရေးစနစ်ထူထောင်ရန် ကြိုးပမ်းခဲ့သည်မှ စ၍ ယနေ့ထက်တိုင်ဖြတ်သန်းခဲ့ရသော တိုင်းပြည်၏ သမိုင်းကြောင်း အခြေအနေတို့အရ မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍသည် ကမ္ဘာ့ဘဏ္ဍာ ရေးစနစ်နှင့် ချိတ်ဆက်နိုင်မှု အားနည်းလျက်ရှိသည့်နည်းတူ နိုင်ငံတကာ ဘဏ်လုပ်ငန်းတို့၏ လုပ်ထုံးလုပ်နည်း စံချိန်စံညွှန်းတို့အား တင်းပြည့် ကျပ်ပြည့် အကောင်အထည်မဖော်နိုင်သော အခြေအနေမျိုးကို ရင်ဆိုင် ရလျက်ရှိပါသည်။

ဤသို့သော အခြေအနေမျိုး၌ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များ အသင်းက **Siam Commescial Bank (SCB)** အပါအဝင် **Thammasat** တက္ကသိုလ်တို့နှင့်ပူးပေါင်း၍ ခေါင်းဆောင်မှုစွမ်းရည် သင်တန်း သင်ကြားပို့ချမည်ဟူသောသတင်းသည် မင်္ဂလာရှိသော သတင်း ကောင်းဖြစ်ပါသည်။ ခေါင်းဆောင်မှုစွမ်းရည်သင်တန်းဟူသည်မှာ မြန်မာ့ ဘဏ်လုပ်ငန်းကဏ္ဍ၌ ကျွမ်းကျင်ပညာရှင်များအဖြစ် ဆောင်ရွက်နိုင် မည့် ပုဂ္ဂိုလ်များပေါ်ထွက်လာရေးကို ဦးတည်သည့် သင်တန်းများဖြစ်ပါ သည်။ ဤသည်မှာ **SCB Bankers Academy** က စီစဉ်သည့် ပထမဦးဆုံးသော သင်တန်းဖြစ်ပါသည်။ ဤပထမဦးဆုံးသောသင်တန်း၌ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကနှင့်အများပိုင်ဘဏ်အသီးသီးမှ ဘဏ်ဝန်ထမ်း ၃၀ ခန့် တက်ရောက်သင်ကြားမည်ဖြစ်ပါသည်။

အဆိုပါ ဘဏ်ဝန်ထမ်း ၃၀ တို့အား သင်ကြားပို့ချရာ၌ အငယ်တန်း ဦးဆောင်အရာရှိများ **(Young Executives)** နှင့် ထိပ်ပိုင်းအမှုဆောင် အရာရှိများ **(Senior Executives)**ဟူ၍ သင်ရိုးနှစ်မျိုး ခွဲခြားပို့ချ သွားမည်ဟု သိရှိရပါသည်။ ဤသို့သင်ရိုးနှစ်မျိုး ခွဲခြားပို့ချသွားခြင်းသည် မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍ၌ ခေါင်းဆောင်မှုစွမ်းရည် လေ့ကျင့်ပျိုးထောင် သင်ကြားမှုကို မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းသယ် ဆောင်သွားစေနိုင်မည်ဖြစ်ပါသည်။ ဤသင်တန်းတို့ကို စီစဉ်ဆောင်ရွက် ပေးမည့် **Thammasat** တက္ကသိုလ်သည် ထိုင်းနိုင်ငံတွင် အစိုးရကဏ္ဍ မှ ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍမှဖြစ်စေ ဝန်ထမ်းတို့အတွက် ကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းများ စီစဉ်ဆောင်ရွက်ရာ၌ အမည်ကောင်းရလျက် ရှိသော ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည်။ သင်တန်းကာလ တစ်လခွဲ အတွင်း သင်ကြားပို့ချချက်များနှင့်အတူ လက်တွေ့လေ့လာမှုများ လည်းပြုလုပ်ရမည်ဖြစ်သကဲ့သို့ ထိုင်းနိုင်ငံ၌လည်း နှစ်ရက်ကြာလေ့လာ သင်ယူရမည်ဖြစ်ပါသည်။

ဆောင်ရွက်လုပ်ကိုင်မည့် သင်တန်းအစီအစဉ်များကို လေ့လာကြည့်ရှုမှုဖြင့် မြန်မာ့အနာဂတ်ဘဏ်လုပ်ငန်းကဏ္ဍ၌ ဦးဆောင်ကြရမည့် ပုဂ္ဂိုလ်ကြီးငယ်တို့ မဖြစ်မနေတက်ရောက်သင့်သည့် သင်တန်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များ အသင်းအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ပံ့ပိုးမှုကိုရယူလျက် ဤကဲ့သို့သော သင်တန်းများတိုးပွားသည်ထက် တိုးပွားလာစေရန် ဆောင်ရွက်စေလိုကြောင်း လေးစားစွာ ကြိုဆိုဂုဏ်ပြုတိုက်တွန်းအပ် ပါသည်။ ။

# ခိုင်ကမ်းမြို့ရှိ မွာလ်ဇန်ကွဲချောင်း ကားကူးကြိုးတံတားကြံ့ခိုင်မှု ချင်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**တီးတိန် ဇွန် ၁**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး နှင့်အတူ ဇွန် ၁ ရက်က တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ရှိ မွာလ်ဇန်ကွဲချောင်း ကားကူးကြိုးတံတားကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကြိုတင်ဆောင်ရွက် ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မွာလ်ဇန်ကွဲချောင်း ကားကူးကြိုးတံတားသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၆ ခုနှစ်တွင် ဆောက် လုပ်ခြင်းဖြစ်ပြီး ခိုင်ကမ်းမြို့ အမှတ် (၁၊ ၂၊ ၃) ရပ်ကွက် များနှင့် အမှတ်(၄) ရပ်ကွက်ကြား ပေါင်းကူးပေးသည့် ကြိုးတံတားဖြစ်ကြောင်း သိရသည်။

တံတားသည် အလျား ပေ ၂၁၀၊ အနံ ၁၀ ပေ ဖြစ်ပြီး ခံနိုင်ဝန်မှာ ယာဉ် ၅ တန်၊ ကုန် ၅ တန်ဖြစ်ကြောင်း သိရ သည်။

**(မြို့နယ် ပြန်/ဆက်)**

# ပီနံမိုးကာဖျင်များ ပေးအပ်

**ကျောက်တော် ဇွန် ၁**
မြောက်ဦးခရိုင် ကျောက်တော်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဂုဏ္ဍပနဒီခန်းမ၌ မေ ၃၁ ရက်က ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်သည် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး မှူးများနှင့် တွေ့ဆုံပြီး မေ ၂၉ ရက်က မိုရာမုန်တိုင်း တိုက်ခတ်မှုကြောင့် ကျောက်တော်မြို့နယ်ရှိ အိမ်အချို့ ခေါင်မိုးများ၊ ပျက်စီးဆုံးရှုံးခဲ့မှုနှင့် ပျက်စီးမှုစာရင်းကို အတိကျကောက်ယူရန်မှာ ကြားခဲ့သည်။

ထို့နောက် ခေါင်မိုးများ ပျက်စီးသွားသော ၄၆ အုပ်စုမှ အိမ်များအတွက် ပီနံမိုး ကာဖျင် ၁၇ လိပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်



**မြန်အောင် ဇွန် ၁**
မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု လေးအုပ်စုရှိကျေးရွာ ၁၁ ရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုလဲခြင်း၊ အမိုးလန်ခြင်းနှင့် မိုးကြိုး ထိမှန်သဖြင့် လူတစ်ဦးသေဆုံးခြင်းတို့ ဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာနနှင့် အလှူရှင် တို့က ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို မေ ၃၁ ရက်မှစ၍ လေဘေးသင့်အိမ်ထောင်စုများအား ပေး အပ်ခဲ့ကြောင်း သိရသည်။

ဟင်္သာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ မြန်အောင်မြို့နယ်အတွင်း လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ ငွေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် တာဝန်ရှိသူများက မြစ်ကျိုးကျေးရွာအုပ်စု၊ တယ်ကုန်း ကျေးရွာအုပ်စု၊ ပေါက်ကုန်းစွန်းကျေးရွာ အုပ်စု၊ လေးတူးကျေးရွာအုပ်စုတို့ရှိ လေဘေးသင့် အိမ်ထောင်စုဝင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

နေအိမ်ပြိုကျသည့် အိမ် ၁၁ လုံး အတွက် ဟင်္သာတခရိုင် ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သော လူသုံးကုန်ပစ္စည်းများ၊ လူဦးရေ ၃၉၅ ဦးအတွက် ဆန်ဖိုး ထောက်ပံ့ငွေကျပ် ၈၂၉၅၀၀၊ မိုးကြိုး ထိမှန်သေဆုံးသူအတွက် ထောက်ပံ့ငွေ ကျပ် သုံးသိန်းတို့နှင့် ရောင်နီအရက်ချက် စက်ရုံမှ လှူဒါန်းသော မြစ်ကျိုးကျေးရွာ အုပ်စုမှ အိမ် ၁၆ လုံးအတွက် တစ်အိမ် ထောင်လျှင်ငွေကျပ် ၅၀၀၀၀၊ တယ်ကုန်း ကျေးရွာအုပ်စုမှ အိမ် ၃၂ လုံးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၀၀၀၀ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပေါက်ကုန်းစွန်း ကျေးရွာအုပ်စုမှ အိမ် ၄၅ လုံးနှင့်လေးတူး ကျေးရွာမှ အိမ် ၁၅ လုံးအတွက် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်း ပေးအပ်ခဲ့ကြောင်း သိရသည်။
**ဝင်းဗိုလ် (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၅ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၆ ·၇၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၀၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ·၅၂ |

# ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး အခမ်းအနားကျင်းပ

**လက်ပံတန်း ဇွန် ၁**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့မရပ်ကွက်(၁)လမ်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှေ့တွင် မေ ၂၇ ရက် နံနက် ၈ နာရီက ကျောင်းအပ်နှံရေးနေ့ ပိုစတာဆိုင်းဘုတ်ဖွင့်လှစ်ပွဲ မြေပြင်အခမ်းအနားကျင်းပသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေး အခမ်းအနား အစီအစဉ်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြသည်။

မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဗလာစာအုပ်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီး ဌာနမှ ပေးအပ်သည့် ပုံနှိပ်စာအုပ်များကိုလည်းကောင်း၊မူလတန်းအဆင့်ပေးအပ် သည့်ဝတ်စုံများကိုလည်းကောင်း၊ သူငယ်တန်းအတွက်ပေးအပ်သည့် KG(Kit) ပုံးများကိုလည်းကောင်း တာဝန်ရှိသူများ၊သက်ဆိုင်ရာပညာရေးဌာနမှ တာဝန်ရှိသူများ အားပေးအပ်ကြကြောင်း သိရသည်။ **အောင်ဆင့်**

မြန်မာ့အလင်း
၁၂၇၁ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော်  ဇွန်  ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား ယနေ့မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံပညာကျောင်းများ သင်ကြားသင်ယူနေမှု အားပေးကြည့်ရှု

**တောင်ကြီး  ဇွန်  ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့နယ် တောင်လေးလုံးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းအတွင်း အတန်းလိုက်သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများအား စာရိတ္တကောင်းမွန်ပြီး စာကြိုးစားကြရန်၊ အများနှင့်ပူးပေါင်းဆောင်ရွက်၍ စည်းလုံးညီညွတ်စွာပညာသင်ကြားကြရန်နှင့် အထက်တန်းကျောင်းသားများအား မိမိတို့ အမှန်တကယ်စိတ်ပါဝင်စားသောဘာသာရပ်တွဲများကို စိတ်ကြိုက်ယူပြီး ထူးချွန်အောင်မြင်အောင် ကြိုးစားသင်ယူကြရန်မှာကြားသည်။

ဆက်လက်၍ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ စာဖတ်စွမ်းရည်များကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား သင်ကြားသင်ယူနေမှုအခြေအနေ တိုးတက်ကောင်းမွန်ရေးတို့ကို ဆွေးနွေးမှာကြားသည်။



ထိုမှတစ်ဆင့် ရွှေညောင်အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စာသင်ခန်းအသီးသီး၌ သင်ကြားသင်ယူနေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှု၍ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ် (တောင်ကြီး)၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)နှင့် တောင်ကြီးတက္ကသိုလ်များသို့ သွားရောက်ကာ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများအားတွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူနေမှု အခြေအနေများနှင့် စာသင်ခန်းများ၊ လက်တွေ့ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဂျပန်နိုင်ငံသို့ လေ့လာရေးသွားရောက်

**ရန်ကုန်  ဇွန်  ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း၏ ဖိတ်ကြားချက်အရ ဇွန် ၁ ရက်မှ ၇ ရက်အထိ ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ဆရာအတတ်သင်ကောလိပ်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများအား လေ့လာရန်နှင့် နိပွန်ဖောင်ဒေးရှင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့အကြား ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ယနေ့နံနက်တွင် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော်  ဇွန်  ၁**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E.Mr.Peter Lysholt Hansen ကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ အဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အလုပ်သမားများ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲဆုရစာရင်းများ ထုတ်ပြန်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်စာမူများအား ပညာရှင်အသီးသီး ပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ပြီး ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ထားသည်။

**အလွတ်တန်းဆောင်းပါးဆုရသူများစာရင်း**

| စဉ် | အမည် | နေရပ်လိပ်စာ | ရရှိသောဆု |
|---|---|---|---|
| ၁။ | ဒေါ်ဝေဝေလှိုင် | စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်။ | ပထမဆု |
| ၂။ | ဒေါ်ညိုညိုအောင် ညိုညိုအောင်(စိုက်ပျိုးရေး) | ဒုတိယညွှန်ကြားရေးမှူး စိုက်ပျိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့။ | ဒုတိယဆု |
| ၃။ | ဒေါ်ယုယုနိုင်၊ မယု(စက်မှု) | ဗဟိုစာရင်းအင်းအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး၊ (၁၁၀) ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့။ | တတိယဆု |
| ၄။ | ဒေါ်မို့မို့ဟန် | ပိတောက်(၆၁၂)၊ အခန်း(၆)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | အထူးဆု(၁) |
| ၅။ | ဦးရဲညွန့် ရဲရဲထွန်း(ဟင်္သာတ) | အမှတ်(၁၁၉)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဆကာရပ်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီး။ | အထူးဆု(၂) |
| ၆။ | ဦးမြဝင်း စာဘဏ္ဍာမြဝင်း(ပခုက္ကူ) | ဦးအုံးဖေစာကြည့်တိုက်၊ (၁၀) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ပခုက္ကူမြို့။ | အထူးဆု(၃) |

**အလွတ်တန်း စာစီစာကုံးဆုရသူများစာရင်း**

| စဉ် | အမည် | နေရပ်လိပ်စာ | ရရှိသောဆု |
|---|---|---|---|
| ၁။ | မနှင်းဝတ်မှုန်အောင် | အခန်း(၁၄)၊(၅၃၇၂)၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | ပထမဆု |
| ၂။ | ဦးသန်းစိန် မောင်ငြိမ်းချမ်း(ဟင်္သာမြေ) | အမှတ်(၇၆)၊ တောလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ဒုတိယဆု |
| ၃။ | မဝင်းဝင်းမြတ် | အခန်း(၁၂)၊ တိုက်အမှတ်(၁၂၂)၊ သီတဂူလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | တတိယဆု |
| ၄။ | ဒေါ်ခင်မာကြည် မလေးခင်(ဟင်္သာရွှေမြေ) | အမှတ်(၂၅၈)ကန်ပတ်လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီး။ | အထူးဆု(၁) |
| ၅။ | မခန့်ဆွေထက် | အခန်း(၃၂၀)၊ အဆောင်ဘီ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ အင်းစိန်၊ ကြို့ကုန်း။ | အထူးဆု(၂) |
| ၆။ | မောင်အားမာန်ထက် | အမှတ်(၃၅၂)၊ ဝေနကျွန်းသာ(၉)လမ်း၊(၁) ရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး။ | အထူးဆု(၃) |

ဆုရရှိသူများသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် MICC-II၊ နေပြည်တော်၌ ကျင်းပမည့် အခမ်းအနားသို့ တက်ရောက်၍ ဆုယူရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဦးမင်းဇော်၊ ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဖုန်းအမှတ် ၀၉-၄၂၅၂၇၅၃၆၁၊ ဦးဇော်ထွန်းအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဖုန်းအမှတ်-၀၉-၅၂၆၁၁၂၂၊ ရုံးဖုန်းအမှတ် ၀၆၇-၄၃၁၃၁၉၊ ၀၆၇-၄၃၁၃၂၀၊ ၀၆၇-၄၃၁၃၂၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေနှင့် အဖွဲ့အား တွေ့ဆုံစဉ် (သတင်းစဉ်)

# လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေနှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❊ *ရွှေဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတသည် အလွတ်စိုက်ကွက်များ၌ အစ္စရေးနိုင်ငံ NETAFIM နည်းပညာဖြစ်သည့် ရေအစက်ချစိုက်နည်းစနစ် အသုံးပြု၍ ဘယ်ရီနှင့်စတော်ဘယ်ရီပင်များ စိုက်ပျိုးထားရှိမှု၊ Pump House၊ Green House ဖြင့် ဥရောပစတော်ဘယ်ရီမျိုး ခုနစ်မျိုးကို စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာရာ စိုက်ကွက်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

Prime Farm ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် Primeကုမ္ပဏီတို့ အကျိုးတူပူးပေါင်းကာ ဈေးကွက်၊ ရာသီဥတု၊ သီးနှံ၊ ကုန်ကျစရိတ် ဤလေးချက်ကို အဓိကတွက်ချက်ပြီး ဟဲဟိုးမြို့၌ ၂၀၁၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စမ်းသပ်စိုက်ကေ ၂၃ ဧက၊ Pump House၊ Green House စနစ်ဖြင့် စိုက်ဧက ၁၃ ဧက၊ အလွတ်စိုက်ကွက် ဧက ၇၀ စုစုပေါင်းစိုက်ဧက ၁၀၆ ဧကရှိပြီး စတော်ဘယ်ရီ၊ ဘယ်ရီ၊ ဖရဲ၊ ဖရုံ၊ ကြက်သွန်၊ အာလူး၊ ဂေါ်ဖီ၊ ဆလတ်၊ မုန်လာဥနီ၊ မြေပဲ၊ စပါး၊ ပန်းဂေါ်ဖီစသည့် သီးနှံမျိုးပေါင်း ၂၀ ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် ၂၄၀၀ မီတာစကွဲယားရှိ Green House နှစ်ရုံ၊ ၁၅၀၀ မီတာစကွဲယားရှိ Green House တစ်ရုံ စုစုပေါင်းသုံးရုံရှိပြီး ဥရောပမျိုး ခုနစ်မျိုးဖြစ်သည့် စတော်ဘယ်ရီပင် ၇၅၀၀ ကို Green House-1 တွင် စမ်းသပ်စိုက်ပျိုးထားကြောင်း၊ ဥရောပမျိုး ခုနစ်မျိုးဖြစ်သည့် ဘယ်ရီပင် ၈၄၀ ကို အလွတ်စိုက်ကွက်၌ စမ်းသပ်စိုက်ပျိုးထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၈၅လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ တပ်ကုန်းမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် လပွတ္တာမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

# နှစ်နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဇွန် ၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သမိုင်းအစဉ်အလာအရ မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် NCA လမ်းကြောင်းပေါ်တွင် အခြေခံ၍ လုပ်ဆောင်နေမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား တပ်မတော်(ကြည်း၊ ရေ၊ လေ) နယ်ပယ်အစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေတို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

ထို့ပြင် ယနေ့ နေ့လယ်ပိုင်းက အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် နေပြည်တော်ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်းအသက်စွန့်လှူခဲ့ရသည့် သူရဲကောင်းများကို အလေးပြုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် လူနေအိမ်များအတွက် ထောက်ပံ့

**မောင်တော ဇွန် ၁**

မောင်တောမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းမိုရာ တိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် လူနေအိမ်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးရန်ပုံငွေဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ကျေးရွာများသို့ သွားရောက်ကာ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"မောင်တောမြို့နယ်မှာ မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားတဲ့ အိမ်တွေကို တစ်အိမ်ထောင် ငွေကျပ်တစ်သိန်းနှုန်းနဲ့ အိမ်တိုင်ရာရောက် သွားရောက်ပြီး ထောက်ပံ့ခဲ့ပါတယ်။ တစ်စိတ်တစ်ပိုင်းပျက်စီးသွားတဲ့အိမ်တွေကို ငွေကျပ်ငါးသောင်းနှုန်းထောက်ပံ့ပါတယ်။ အခုထောက်ပံ့တဲ့ငွေတွေက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ ကယ်ဆယ်ရေးနဲ့ထောက်ပံ့ရေး ရန်ပုံငွေထဲက ထောက်ပံ့တာပါ"ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောသည်။

"မောင်တောမြို့နယ် အောင်သာယာကျေးရွာတွင် နေထိုင်သည့် မမိုးမိုးက "အိမ်မှာက မိသားစုသုံးယောက်ရှိပါတယ်။ မုန်တိုင်းကြောင့် အိမ်ကပြိုကျသွားတယ်။ အခုလောလောဆယ် သူများအိမ်မှာ အကူအညီတောင်းပြီးနေရတယ်။ အိမ်ပြန်မဆောက်နိုင်သေးဘူး။ အခုလို ဒုက္ခရောက်နေချိန်မှာ လာရောက်ကူညီတာ အလွန်ဝမ်းသာပါတယ်"ဟု ပြောသည်။



မောင်တောခရိုင်တွင် ဆိုင်ကလုန်းမုန်တိုင်းမိုရာတိုက်ခတ်မှုကြောင့် ကနဦးကောက်ယူထားသည့် စာရင်းများအရ ပြိုကျပျက်စီးသွားသည့် အိမ်ခြေအလုံး ၄၀၀၀ ခန့်ရှိပြီး တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် အိမ်ခြေတစ်သောင်းကျော်ခန့်ရှိကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

ထို့အတူ မောင်တောမြို့နယ် ကြီးကန်းပြင်ကျေးရွာအုပ်စု အောင်သာယာကျေးရွာရှိ မုန်တိုင်းကြောင့် ဘုန်းတော်ကြီးကျောင်း ပျက်စီးနေမှုအတွက် ကျောင်းထိုင်ဆရာတော် ဦးကောဝိဒအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က အလှူငွေဆက်ကပ်လှူဒါန်းခဲ့သည်။

မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က "ဒီနေ့က တိုင်းရင်းသားကျေးရွာအုပ်စု လေးအုပ်စုက ကျေးရွာငါးရွာမှာ လူနေအိမ်ခြေ ၄၂လုံး၊ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ကျေးရွာအုပ်စု လေးအုပ်စုက ကျေးရွာငါးရွာမှာ လူနေအိမ် ၆၉လုံး ပြိုကျပျက်စီးသွားတဲ့အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက လာရောက်ထောက်ပံ့တာပါ။ အပျက်အစီးစာရင်းက အကြမ်းဖျင်းရပါပြီ။ စနစ်တကျဖြစ်အောင် အသေးစိတ်ပြုစုနေပါတယ်။ ဒီနေ့အပြီးပြုစုပြီး နောက်နေ့ထုတ်ပြန်သွားမှာပါ" ဟု ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါနှင့် တုံ့ပြန်သည့်အခါတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်**(MNA)
**ဓာတ်ပုံ-ရဲထွဋ်**

✻ *ကျောဖုံးမှ*

ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ကဏ္ဍအလိုက် အစီအမံများချမှတ်**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပြန့်ပွားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကဏ္ဍအလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍအလိုက် အစီအမံများချမှတ်ရေးဆွဲရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစီအစဉ် (Action Plan) များတွင် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေးတို့အတွက် ဗဟိုလုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီများအနေဖြင့် ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို လက်တွေ့ကျကျကွင်းဆင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်မှုအနည်းဆုံးဖြစ်စေရန် အထူးသတိထား ဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ် မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သန့်ရှင်းပြီး ရေရှည်တည်တံ့မည့် သဘာဝပတ်ဝန်းကျင်ကို လွှဲပြောင်းပေးနိုင်ရေးအတွက် ညီညီညွတ်ညွတ်နှင့် တာဝန်သိသိ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ သာမက အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် အသိပညာပေးလုပ်ငန်းများကိုလည်း ရေရှည်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**ကော်မတီများ ဖွဲ့စည်း**

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအပါအဝင် ရာသီဥတုပြောင်းလဲမှု တားဆီးလျှော့ချရေး၊ လိုက်လျောညီထွေဖြစ်ရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေးဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များကိုကဏ္ဍအလိုက်၊ ဌာနအလိုက် ရေးဆွဲဆောင်ရွက်နေကြသကဲ့သို့ နိုင်ငံတော်အဆင့် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း။

အမျိုးသားအဆင့် မူဝါဒ၊ မဟာဗျူဟာ၊ ပင်မအစီအစဉ်နှင့် လုပ်ငန်းအစီအစဉ်များ၊ နိုင်ငံတော်အဆင့် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအချင်းချင်း သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပါ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မဟာဗျူဟာမူဘောင်နှင့် ပင်မအစီအစဉ်၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များသည် အမျိုးသားအဆင့် (National Level)၌ သာမက တိုင်းဒေသကြီးနှင့် ပြည်နယ် (Sub-national Level)များ၌ပါ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း။

**ပြည်သူလူထုပူးပေါင်းပါဝင်**

အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေခံကောင်းများ ရေရှည်တည်တံ့ရေးဖြစ်သည့်အတွက် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက တွေ့ကြုံရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ကောင်းများဖြင့် ဆွေးနွေးအကြံပြုပြီး အားသာချက် အားနည်းချက်များကို အပြုသဘောဖြင့် ဝေဖန်ထောက်ပြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာ လုပ်ငန်းကော်မတီ၊ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့် ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီနှင့် အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းကော်မတီ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီ၏ ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတက ရှင်းလင်းတင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ၁/၂၀၁၇ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက တရားရုံးဝန်ထမ်းများသည် တရားသူကြီးများနည်းတူ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေဖို့ဆောင်ရွက်ရန် တာဝန်ရှိသူများဖြစ်ကြောင်း၊ ခေတ်စနစ်နှင့်မညီသည့် အကျင့်စရိုက်ကို ပယ်ဖျက်ပြီး စိတ်ဓာတ်အခြေခံမှစ၍ ပြုပြင်ပြောင်းလဲကာ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူး၊ တရားရေးအရာရှိများနှင့် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများ ရရှိစေရေးတို့အတွက် အခြေခံအကျဆုံးဖြစ်သည့် ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေ့လာနိုင်ရန်နှင့် သိရှိလိုက်နာစေရန် ရည်ရွယ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာသင်ကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဗီနိုင်းပိုစတာများ တစ်ကျောင်းလျှင် နှစ်ခုနှုန်း တပ်ဆင်ပေးလျက်ရှိသည်။

အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)၊အမှတ်(၈) ယာဉ်ထိန်းရဲ တပ်ဖွဲ့စု (တပ်ကုန်းမြို့နယ်)မှ တပ်ဖွဲ့စုမှူး ရဲအုပ်ညွှန့်ဝေ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ယနေ့တွင် တပ်ကုန်းမြို့နယ်ရှိ အထက (၁)၊ အထက (မန်ကျီးပင်)နှင့် အထက (ညောင်လွန့်)တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဗီနိုင်းပိုစတာနှစ်ခုစီ တပ်ဆင်ထားရှိပြီး ပညာပေးဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိပြီး လှိုင်းအမြင့်မှာ လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မနက်ဖြန် အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ **(မိုး/ဇလ)**

✻ *ကျောဖုံးမှ*

ဂိုးပြတ်ရှုံးခဲ့သည့် ချင်းယူနိုက်တက်အသင်းမှာမူ တန်းဆင်းဇုန်အတွက် ဖိအားပိုများသွားခဲ့သည်။

ရတနာပုံအသင်း၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသား တိုက်စစ်မှူး ပက်ထရစ်ပါလာပြီး အောင်သူ၊ ရန်ပိုင်၊ စည်သူအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ချင်းယူနိုက်တက်အသင်းမှာမူ နိုင်ငံခြားသားကစားသမားများအပါအဝင် လူစုံပါဝင်ခဲ့သည်။ နိုင်ပွဲဆက်နေသည့် ရတနာပုံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၆ မိနစ်တွင် စည်သူအောင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံ ကစားပုံပိုကောင်းလာပြီး ၂၄ မိနစ်တွင် သက်နိုင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ၂၉ မိနစ်တွင် ချင်းယူနိုက်တက် ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး အာအမ်ဒူက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ချင်းယူနိုက်တက်အသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့သော်လည်း ရတနာပုံနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ရတနာပုံအသင်းသည် အနိုင်ဂိုးများထပ်မံရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မိနစ် ၈၀ နောက်ပိုင်း အနိုင်ဂိုးလေးဂိုးထပ်သွင်းခဲ့သည်။

ရတနာပုံအတွက် တတိယဂိုးကို မိနစ် ၈၀ တွင် မျိုးကိုထွန်းက သွင်းယူခဲ့ပြီး တိုက်စစ်မှူး ပက်ထရစ်က ၈၂၊ ၉၀၊ ၉၃ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးက ရန်ကုန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် နှစ်ပွဲဆက်အရှုံးကြောင့် ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရသည်။ မကွေးအတွက် ဂိုးများကို ၅၆ မိနစ်တွင် အဗ္ဗဒူ၊ ၅၈ မိနစ်တွင် ကျော်စွာလင်းတို့က သွင်းယူခဲ့ပြီး ရန်ကုန်အတွက် ချေပဂိုးတစ်ဂိုးကို ၈၆ မိနစ်တွင် မိုကာလူးက သွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီက GFA ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ၆၉ မိနစ်တွင် အောင်မြင့်ထွန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇွန် ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ နေပြည်တော်နှင့် ရှမ်းယူနိုက်တက်၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့်ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်ကစားခဲ့သည့် ပွဲများတွင် မေ ၃၁ ရက်က ကွယ်လွန်ခဲ့သည့် ရွှေခေတ်ဘောလုံးသမားဟောင်း ဦးမျိုးဝင်းညွန့်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ခဲ့ကြသည်။

# "ဆေးလိပ်နှင့်အသက်" မင်း ဘာရွေးမလဲ

## ကျန်းမာရေးဝန်ထမ်းတစ်ဦး(ရောဂါနှိမ်နင်းရေး)

**ဦးကြည်**။ ။လာသာလာရတယ်။ ဆရာနဲ့မှတွေ့ပါ့မလားလို့။

**ဆရာ** ။ ။ထိုင်၊ ဦးကြည် ကျွန်တော်လည်း အခုရက်ပိုင်းခရီးအတော်ထွက်ဖြစ်တယ်။

**ဦးကြည်**။ ။ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (၃၁-၅-၂၀၁၇)ရက်ဝန်းကျင်မို့လား မသိဘူး။ ဆေးလိပ်အကြောင်း ပြည့်ပြည့်စုံစုံသိချင်၊ မေးချင် လို့ပါ။

**ဆရာ** ။ ။ဦးကြည်ခင်ဗျားအပါအဝင် ကမ္ဘာ့လူသားအားလုံးက "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" နီးလာလို့၊ ရောက်လာလို့ မဟုတ်ဘဲ နေ့စဉ်ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကိုသိရှိပြီး ရှောင်ကြဉ်ကြ၊ ဖြတ်ကြရမှာဗျ။

**ဦးကြည်**။ ။ဆေးလိပ်ကို ဘယ်အချိန်ဘယ်နေရာကစပြီး သောက်သုံးခဲ့ကြတာလဲ။

**ဆရာ** ။ ။ အချိန်အားဖြင့် (BC-5000) နေရာကတော့ ဥရောပမြောက်ပိုင်း ဆိုက်ဘေးရီးယားဒေသမှစပြီး သောက်သုံးခဲ့တယ်။ လူများက မမြင်ရသော တန်ခိုးရှင်များ၊ ဘုရားများအား ပူဇော်ပွဲနှင့် နတ်မိစ္ဆာများအား ယစ်ပူဇော်ပွဲများမှာ ရိုးရာအစဉ်အဆက် ကိုးကွယ်မှုဓလေ့အရ ဆေးလိပ်ကို သောက်သုံးကြရတယ်လို့ ကမ္ဘာ့မှတ်တမ်းများအရသိရှိရတယ်။ အဲဒီကမှတစ်ဆင့် ဘေဘီလုံ၊ အင်ဒီးယန်း၊ တရုတ်မှတစ်ဆင့် တစ်ကမ္ဘာလုံးကို ပျံ့သွားတယ်။

**ဦးကြည်**။ ။နှစ်ပေါင်း (၇၀၀၀)ကျော်ခဲ့ပြီပေါ့၊ တီဘီရောဂါ (BC-3700) စတွေ့တာထက်တောင် စောသေး၊ ရှေးကျသေးတယ်နော်၊ ဆေးလိပ်သောက်ခြင်းရဲ့အကျိုးနှင့်အဆိုးကိုလည်း ရှင်းပြပေးပါဆရာ။

**ဆရာ** ။ ။အကျိုးကတော့ "ဗလာနတ္ထိ" လုံးဝကိုမရှိပါ။ အဆိုးကတော့ "မဟာအတ္ထိ" နည်းနည်းသေးသေးလေးကနေ အကြီးကြီး အဆုတ်ကင်ဆာဖြစ်ပြီး အသက်သေဆုံးသည်အထိ အများကြီးပဲ လူသားတွေကို ဒုက္ခပေးတယ်ဦးကြည်။

**ဦးကြည်**။ ။ဆေးလိပ်သောက်သုံးခြင်းနှင့် ပတ်သက်လို့ ယနေ့ ကမ္ဘာ့အခြေအနေက ဘယ်လိုလဲ။

**ဆရာ** ။ ။လူသန်း (၁၁၀၀)ခန့် ကမ္ဘာ့လူဦးရေ၏(၁/၇)ဆေးလိပ် သောက်သုံးနေကြတယ်။ ကျားလေးဦးမှာ တစ်ဦးနှင့် မ ၂၀ တွင် တစ်ဦးနှုန်းဖြစ်တယ်။ ၁၉၉၀ ခုနှစ်ကထက် ဆေးလိပ်သောက် နှုန်းလျော့ကျသွားတယ်။ ၁၉၉၀ ခုနှစ်က ကမ္ဘာ့လူဦးရေ ၏(၁/၅) ကျားသုံးဦးမှ တစ်ဦးနှင့် မ ၁၂ ဦးမှ တစ်ဦးနှုန်း ဆေးလိပ်သောက်သုံးခဲ့တယ်။ လူဦးရေတိုးနှုန်းကြောင့် ဆေးလိပ်သောက်သူဦးရေကျတော့ ယခင်ထက် ပိုများလာတယ်။

**ဦးကြည်**။ ။ လူသန်းတစ်ထောင်ကျော် ဆေးလိပ်သောက်သုံးနေတော့ ဆေးလိပ်ကြောင့် နှစ်စဉ်လူဘယ်နှယောက် အရွယ်မတိုင်ခင် သေဆုံးနေကြသလဲ။

**ဆရာ** ။ ။အလွန်ကောင်းတဲ့ မေးခွန်းပါပဲ။ ၁၉၉၀ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ နှစ်စဉ် ငါးသန်းသေဆုံးခဲ့ကြပြီး ၂၀၁၅ ခုနှစ်မှာ ၆ ဒသမ ၄ သန်း သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ သိရပါတယ်။

**ဦးကြည်**။ ။ကမ္ဘာ့ပြည်သူလူထုရဲ့ ကျန်းမာရေးပြဿနာဖြစ်စေတဲ့ အဓိက ရောဂါသုံးမျိုး AIDS, TB နှင့် Malaria(ATM)ကြောင့် သေဆုံးတဲ့လူဦးရေထက် နှစ်ဆကျော်လောက်တောင် သေကြတာပဲ။ တော်တော်ကို ကြောက်စရာကောင်းတာပဲ။ လူတွေက AIDS နှင့် TB ဖြစ်ရမှာ သိပ်ကြောက်ကြတာ။

**ဆရာ** ။ ။ ခင်ဗျားသိပ်တော်တာပဲ။ မြင်တတ်၊ သုံးသပ်တတ်တယ်။ လူတွေက ဆေးလိပ်ကို AIDS နှင့် တီဘီရောဂါထက် ပိုကြောက်ပြီး၊ ရှောင်ကြဉ်ကြမယ်၊ ဆေးလိပ်ဖြတ်ကြမယ်ဆိုရင် သိပ်ကောင်းမှာပဲ။

**ဦးကြည်**။ ။ကျေးဇူးပါဆရာ၊ ဆရာမြှောက်တာနဲ့ပဲ ဘာဆက်မေးရမှန်း မသိတော့ဘူး။ အဲ... သတိရပြီ အစိုးရတွေက ဆေးလိပ်သောက်ခြင်းကို မတားမြစ်ခဲ့ကြဘူးလား။

**ဆရာ** ။ ။ကျွန်တော်လေ့လာသိရှိသလောက် ပြောပြပေးမယ်။ ရေတပ်ရဲဘော်တွေရဲ့ ရိက္ခာရာရှင်မှာ ဆေးလိပ်ကိုပါရမယ့် စံရိက္ခာအဖြစ် နိုင်ငံအသီးသီးက (၁၇)ရာစုနှစ်တွင် သတ်မှတ်ပေးခဲ့ကြတယ်။ ပြီးတော့ (၂၀)ရာစုအစောပိုင်း ပထမကမ္ဘာစစ်ကြီးဖြစ်တော့ ရှေ့တန်းရောက် ရဲဘော်တွေအတွက် ဆေးလိပ်ရာ ရှင် လုံးဝမပြတ်ရအောင် ဆေးလိပ်စက်ရုံတွေနဲ့ အစိုးရပူးပေါင်းပြီးတောင် ဆောင်ရွက်ခဲ့ကြတယ်။ အခုတော့လည်း တိုင်းပြည်တွေမှာ ကာကွယ်တားဆီးနေကြပါပြီ။ အနည်းအများသာ ကွာမှာပါ။

**ဦးကြည်**။ ။လူတွေဆေးလိပ်ကို ဘာလို့စသောက်ကြသလဲ၊ ဘာလို့ဆက်သောက်နေကြတာလဲ။

**ဆရာ** ။ ။အရွယ်ရောက်ကြောင်းပြချင်လို့ ဆေးလိပ်စသောက်ပြတယ် နိုင်ငံတော်တော်များများမှာ အရွယ်မရောက်သေးသူများကို ဆေးလိပ်ရောင်းချမှုမပြုတဲ့အပြင် ဆေးလိပ်သောက်ခြင်းမှ တားမြစ်ထားကြတယ်။ အပေါင်းအသင်းကြားမှာ အတုမြင် အတတ်သင်အနေဖြင့်သော်လည်းကောင်း၊ စတိုင်ထုတ်ချင်၍ သော်လည်းကောင်း (ရုပ်ရှင်မင်းသမီး၊ မင်းသားများ၏ ဆေးလိပ်သောက်ပုံစတိုင်ကိုအားကျပြီး စသောက်ကြည့်ကြတယ်)။ မိဘ၊ ဘိုးဘွားများက အရွယ်မရောက်တဲ့ သားသမီးမြေးများကို ဆေးလိပ်မီးညှိ/ တို့ခိုင်းစေခြင်းကြောင့်လည်းကောင်း စသောက်ဖြစ်ကြတယ်။ အနောက်နိုင်ငံအချို့ မိန်းမငယ်လေးများဟာ ဆေးလိပ်သောက်၍ အစာစားချင်စိတ်လျော့ကျပြီး ကိုယ်ခန္ဓာ၊ ကိုယ်အလေးချိန် ထိန်းရန် (body)အတွက် ဆေးလိပ်စသောက်ကြတယ်။ ဆေးလိပ်စသောက်ပြီး ဆေးလိပ်ငွေ့ထဲမှာပါတဲ့ Nicotine ဓာတ်ပစ္စည်းဟာ လူကိုစွဲလမ်းစေ (addict) ခြင်း၊ (ပြင်သစ်သို့ဆေးရွက်ကြီး (Tobacco)ကို ၁၅၆၀ ခုနှစ်တွင် ပထမဆုံးတင်သွင်းခဲ့သူ Jean Nicot ၏ အမည်ကိုယူ၍ Nicotine ဟုခေါ်ဝေါ်ခဲ့သည်။) Dopamin နှင့် Endophin ဓာတ်ပစ္စည်းတွေကတော့ ဆေးလိပ်သောက်သူရဲ့စိတ်ကို ပျော်ရွှင်မှု (Euphoria) ပေးစေခြင်းတို့ကြောင့် ဆက်သောက်နေကြတာ ဖြစ်တယ်။ ခြုံပြောရရင် ဆေးလိပ်စမသောက်အောင်နဲ့ ဖြတ်အောင်၊ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာ ချထားရမယ်။ စိတ်သာ အဓိကအကျဆုံးပါပဲ ဦးကြည်။

**ဦးကြည်**။ ။နည်းနည်းတော့ရှင်းလာပြီ။ ဆေးလိပ်ငွေ့ထဲမှာ ဘာတွေပါလို့ လူကိုအန္တရာယ်ဖြစ်တာလဲ။

**ဆရာ** ။ ။ဆေးလိပ်ငွေ့ထဲမှာ ဓာတ်ပစ္စည်းအမျိုးပေါင်း ၇၀၀၀ ကျော်ပါတယ်။ ကာဗွန်မိုနောက်ဆိုက်၊ ဟိုက်ဒရိုဂျင်ဆိုင်ရာနိုက် အစရှိတဲ့ အန္တရာယ်ဖြစ်စေတဲ့ ဓာတ်ပစ္စည်းအနည်းဆုံး ၂၅၀ ခန့် ပါရှိတယ်။ အဲဒီအထဲမှာ ကင်ဆာရောဂါဖြစ်စေနိုင်သော ဓာတ်ပစ္စည်း အနည်းဆုံး ၆၉ မျိုးခန့် ပါဝင်လျက်ရှိတယ်။

**ဦးကြည်**။ ။ဓာတ်ပစ္စည်းတွေက ဘယ်လိုလုပ်ပြီးလူတွေကို ဒုက္ခပေးကြတာလဲ။

**ဆရာ** ။ ။ခင်ဗျားက ကျန်းမာရေးမှူးတစ်ယောက်ပါ။ ဒါပေမယ့် သာမန်အရပ်သားတစ်ယောက် နားလည်သွားအောင်၊ ကျွန်တော်ပြောတဲ့ အချက်တွေကို အခြေခံပြီးပြန်ဖြေပေးပါ။

**ဦးကြည်**။ ။ဖြေနိုင်သလောက်ဖြေပါ့မယ်ဆရာ။

**ဆရာ** ။ ။လူ့ရဲ့ခန္ဓာကိုယ်ကို ဘာတွေနဲ့ ဖွဲ့စည်းထားလဲ။

**ဦးကြည်**။ ။အသေးငယ်ဆုံး ကလာပ်စည်း (Cells)တွေနဲ့ အင်္ဂါအစိတ်အပိုင်းများကို ဖွဲ့စည်းထားတယ်။

**ဆရာ** ။ ။အဲဒီကလာပ်စည်း (Cells) တွေနဲ့ အင်္ဂါအစိတ်အပိုင်းများက ဘာကိုလိုအပ်ပါသလဲ။

**ဦးကြည်**။ ။အောက်ဆီဂျင် ($O_2$)လိုပါတယ် ဆရာ။

**ဆရာ** ။ ။အောက်ဆီဂျင်($O_2$)မရလျှင်၊ မလုံလောက်လျှင် ဘာဖြစ်သွားမှာလဲ။

**ဦးကြည်**။ ။ Cells ကလာပ်စည်းလေးတွေ သေသွားမယ်၊ ပွားများလို့မရဘဲ ပျက်စီးသွားမှာပေါ့။

**ဆရာ** ။ ။ဒီလောက်အခြေခံရှိလျှင်ရပြီ။ ဆေးလိပ်သောက်တဲ့အခါ၊ ဆေးလိပ်သောက်သူရဲ့အနီးမှာရှိတဲ့အခါ ဆေးလိပ်ငွေ့တွေက ပါးစပ်၊ နှာခေါင်းမှတစ်ဆင့် အသက်ရှူပြွန်အဆင့်ဆင့်ကိုဖြတ်ပြီး အဆုတ်ရဲ့ လေအိတ် (alveoli) လေးတွေထဲ ရောက်သွားတယ်။ ဆေးလိပ်ငွေ့ထဲမှာပါတဲ့ အန္တရာယ်ပေးတဲ့ ဓာတ်ပစ္စည်းများ ကင်ဆာဖြစ်စေတဲ့ ဓာတ်ပစ္စည်းများကြောင့် (၁) လေအိတ်များ၊ လေပြွန်ချောင်းများ ပျက်စီးရောဂါရခြင်း၊ (၂)အသက်ရှူပြွန် (လေပြွန်) ချောင်းများ ကျဉ်းသွားခြင်း၊ (၃)သွေးကြောများကျဉ်းခြင်း၊ (၄) ဆေးလိပ်ငွေ့ထဲမှာပါတဲ့ ကာဗွန်မိုနောက်ဆိုက်ဓာတ်ကြောင့် သွေးနီဥ (RBC)များ ပျက်စီးသွားခြင်း၊ (၅) အဲဒီ သွေးနီဥများက ($O_2$)သယ်ယူပို့ဆောင်ပေးရတယ်။ ကဲ... ဦးကြည် အဲဒီအခြေခံ (၅)ချက်ပေါ်မူတည်ပြီး ဘာတွေဆက်ဖြစ်မှာလဲ၊ ရှုမှတ်ပွားများကြည့်ပါဦး။

**ဦးကြည်**။ ။တရားရှုမှတ်နေရသလိုမြင်လာပြီဆရာရေ (၁) လေအိတ်ကလေးတွေ ပျက်စီးသွားလို့ရှူတဲ့လေနဲ့ လေထဲပါတဲ့ ($O_2$)သိုလှောင်နိုင်မှု လျော့သွားမယ်၊ (၂)အသက်ရှူပြွန်တွေ ကျဉ်းလာလို့ ပြင်ပလေ ($O_2$)အဝင် နည်းလာမယ်၊ (၃)အဲဒီ $O_2$ကို ခန္ဓာကိုယ်အနှံ့မှာရှိတဲ့ (Cells) ဆီသယ်ယူပေးတဲ့ သွေးနီဥတွေ (RBC)အရေအတွက် နည်းပြီး (၄) RBC လေးတွေ သယ်ယူစီးဆင်းပေးတဲ့ သွေးကြောလေးတွေကလည်း ကျဉ်းကျဉ်းလာနေပုံတွေကို ဗီဒီယိုကြည့်နေရသလို အဆင့်ဆင့် ရှင်းခနဲရှင်းခနဲ မြင်လာရတယ်။ (၅) နောက်ဆုံး Cells တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ လူ့၏ခန္ဓာကိုယ်အစိတ်အပိုင်းများ အောက်ဆီဂျင် ($O_2$)ကို လုံလောက်စွာမရခြင်း၊ လုံးဝမရခြင်းတို့ ဖြစ်ပြီး လူတွေကို ဒုက္ခပေးကြတာပဲ၊ ရောဂါတွေဖြစ်မယ် သိပ်ဆိုးလာရင် အသက်ပါသေဆုံးကြရမှာပေါ့ဆရာ။

**ဆရာ** ။ ။ဒါအမှန်တရားပဲ၊ ဒီလိုပဲဖြစ်ရမှာပေါ့၊ ဘယ်မှာရှောင်လွှဲလို့ရမှာလဲ၊ ဆေးလိပ်ငွေ့နဲ့အရင်ဆုံးတွေ့ထိရတဲ့ အသက်ရှူလမ်းကြောင်း ရောဂါနဲ့ အဆုတ်ရောဂါများ အထူးသဖြင့် အဆုတ်ကင်ဆာရောဂါများ ပိုဖြစ်ရတာပေါ့။

**ဦးကြည်**။ ။ဆေးလိပ်အကြောင်းပိုသိလာလို့ ပိုပြီးစိတ်ဝင်စားလာပြီး ထပ်သိချင်သေးလို့ လူတွေကဘယ်လိုလုပ်ပြီး ဆေးလိပ်သောက်ခြင်းနဲ့ အဆုတ်ကင်ဆာဆက်စပ်မှု သိလာကြလဲ။

**ဆရာ** ။ ။ငိုချင်လျက်လက်တို့ ဆိုသလို ဖြေချင်ပါတယ်ဆိုမှ လာမေးပြန်ပါပြီ။ ဆရာကြီး ပါမောက္ခ ဦးမြဦးကို သတိရတယ်။ ရှင်းပြနေရ၊ ဖြေကြားနေရ၊ သင်ကြားညွှန်ပြနေရရင် ထမင်းမေ့၊ ဟင်းမေ့ အကုန်မေ့ဆိုသလိုပဲ တို့လည်း ဆရာကြီးနှင့်တူတူလာပြီ၊ ဦးကြည်အမေးနဲ့ဆိုင်တဲ့ သုတေသနလေ့လာချက် ခြောက်ခုလောက်ကိုသာ ဖော်ပြပေးပါမယ်။ (၁) UK လေ့လာချက် ၁၉၂၀ ခုနှစ်တွင် အဆုတ်ကင်ဆာသည် ကင်ဆာအားလုံး၏ ၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိရာမှ ၁၉၄၇ ခုနှစ်တွင် ၁၉ ဒသမ ၇ ရာခိုင်နှုန်းထိ တိုးတက်လာခြင်း။ (၂) အမေရိကန်တောင်ပိုင်း ကမ်းရိုးတန်းရှိ ၁၈၈၁ ခုနှစ်က တည်ထောင်ခဲ့သော University of Cannecticut ၏ အမျိုးသားများတွင် အသက်အုပ်စုအလိုက် အဆုတ်ကင်ဆာဖြစ်ပွားမှု လေ့လာတွေ့ရှိချက်။ (၁၉၃၅-၁၉၃၉)နှစ်များအတွင်း အဆုတ်ကင်ဆာဖြစ်ပွားမှုထက် ၁၅ နှစ်အကြာ (၁၉၅၀-၁၉၅၄)နှစ်များအတွင်း ဖြစ်ပွားမှုသည် ၂၂၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း။(၃) ဗြိတိသျှဆေးပညာဂျာနယ် (BMJ)တွင် ၁၉၅၀ ခုနှစ်၌ Richard Dell ၏ တွေ့ရှိချက်၊ ဆေးလိပ်သောက်ခြင်းနှင့် အဆုတ်ကင်ဆာဖြစ်ပွားမှု ဆက်စပ်မှုရှိကြောင်း။ (၄) ၁၉၅၄ ခုနှစ် ဗြိတိန်ဆရာဝန်များ လေ့လာတွေ့ရှိချက်။ ဆရာဝန်ပေါင်း လေးသောင်းကျော်အပေါ် နှစ် ၂၀ ကျော် လေ့လာချက်အရ ဆေးလိပ်သောက်ခြင်း၊ အဆုတ်ကင်ဆာဆက်စပ်ကြောင်းနှင့် (၅) အမေရိကန် ခွဲစိတ်ဆရာဝန်များ၏ အထွေထွေသတင်းပို့ချက်မှာလည်း ဆက်စပ်မှုရှိကြောင်း သိရှိလာခဲ့ကြတယ်။ (၆) ၁၉၈၆ ခုနှစ် လေ့လာချက်။ ကိုယ်တိုင်ဆေးလိပ်သောက်သော်လည်း ဆေးလိပ်သောက်သူအနီးမှာနေပြီး ဆေးလိပ်ငွေ့ရှူမိသူ (Passive Smoker)များမှာလည်း အန္တရာယ်ရှိကြောင်း တွေ့ရှိခဲ့ကြတယ်။ ၁၉၃၀ မတိုင်မီနှစ်တွေမှာ အဆုတ်ကင်ဆာရောဂါသည် ရှားပါးရောဂါတစ်ခုဖြစ်ခဲ့တယ်။ ယင်းအချိန်က Carcinogens များ (ဥပမာ- ၁၉၉၃ ခုနှစ်ခန့် ကျောက်မီးသွေးကတ္တရာမှာ ပါတဲ့ Benxo (a) pyrene ကို တွေ့ရှိခဲ့သော်လည်း ဆေးလိပ်အငွေ့ထဲတွင်မည်သည့် ဓာတ်ပစ္စည်းများပါဝင်သည်ကို မသိရှိခဲ့ကြသေးပေ။)

**ဦးကြည်**။ ။လူတွေမှာအခြားဘာရောဂါ ဖြစ်နိုင်သေးလဲဆရာ။

**ဆရာ** ။ ။အင်္ဂါအစိတ်အပိုင်းအားလုံးကို ထိခိုက်စေတော့ ရောဂါတွေက အများကြီးပေါ့။ အဲဒီအထဲက အဓိက အဖြစ်အများဆုံး(၁၀)မျိုးကို ပြောပြမယ်။ ၁။ အဆုတ်ကင်ဆာ (Cadmium, Formaldehyde နှင့် Benzo စသည့် ဓာတုပစ္စည်းကြောင့်) ၂။ နာတာရှည်အသက်ရှူလမ်းကြောင်းပိတ်ရောဂါ (COPD) အမေရိကန်မှာ တတိယမြောက် သေဆုံးမှုအများဆုံး ရောဂါတစ်ခု ဖြစ်သည်။ ၃။ နှလုံးရောဂါ (Heart Disease) ၄။ လေဖြတ်ခြင်း (Stroke) ၅။ ပန်းနာရင်ကျပ် (Asthma) ၆။ မိန်းမများ မျိုးပွားမှုဆိုင်ရာထိခိုက်မှု (Reproductive effect in women) ဥပမာ-သားအိမ်ပြင်ပ သန္ဓေတည်ခြင်း (Ectopic Pregnancy) သေနိုင်၏။ ကိုယ်ဝန်ရရန် ခက်ခဲခြင်း (မြုံခြင်း)။ ၇။ လမစေ့၊ ကိုယ်အလေးချိန် မပြည့်ကလေးများမွေးခြင်း (Premature, Low birth weight Babies) ၈။ ဆီးချိုသွေးချိုရောဂါ (Diabetes) ၉။ မျက်စေ့ကွယ်ခြင်း၊ တိမ်စွဲခြင်းနှင့် မျက်စိကြွက်သားပျက်စီးခြင်း (Blindness, Cataracts and related mascular Degeneration) ၁၀။ အခြားကင်ဆာရောဂါများဖြစ်သော အူမကြီး၊ သားအိမ်ခေါင်း၊ အသည်း၊ အစာအိမ်၊ မုံ့ချိုအိတ် (Pancreas)၊ ဆီးကျိတ်ကင်ဆာ စသည်တို့ဖြစ်ကြပါတယ်။

**ဦးကြည်**။ ။ဆရာ ဆေးလိပ်သောက်ခြင်းက လူတွေကိုတော်တော် အန္တရာယ်ပေးတာပဲနော်၊ အန္တရာယ်နည်းသွားအောင် စီးကရက်ကိုအစစ် (filter)ခံပြီး သောက်ရင်ရောဆရာ။

**ဆရာ** ။ ။အဲဒီအစစ် (filter)တွေက ဆေးလိပ်ငွေ့ထဲမှာပါတဲ့ ဓာတုပစ္စည်းတွေကို လုံလောက်အောင်ဖယ်ရှား၊ စစ်ထုတ်မပေးနိုင်ဘူး၊ လူတွေကို တော်တော်အန္တရာယ်ကင်းတယ်လို့ထင်အောင် လှည့်စားခြင်း (Trick)လုပ်တာပဲ ဖြစ်တယ် ဦးကြည်။

**ဦးကြည်**။ ။ဆေးလိပ်ဖြတ်လိုက်ရင် ဘယ်လိုအကျိုးကျေးဇူးတွေရရှိလာမှာလဲ။

**ဆရာ** ။ ။သိပ်ကောင်းတဲ့မေးခွန်းပါ။ စာဖတ်သူများအပါအဝင် ကမ္ဘာ့လူသားအားလုံးအတွက် အသက်ရှည်ကျန်းမာ ပျော်ရွှင်အန္တရာယ်ကင်းစွာ နေထိုင်နိုင်ရေးအတွက် သိရမယ့် အချက်များဖြစ်တယ်။ ၁။ ငွေကုန်အချိန်ကုန်သက်သာမယ်။ (နာရီပိုင်းအတွင်း) ၂။ နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်မူလအခြေအနေပြန်ဖြစ်မယ်။(နာရီပိုင်း၊ ရက်ပိုင်းအတွင်း) ၃။ ချောင်းမဆိုးတော့ဘူး၊ ရင်မကျပ်တော့ဘူး၊ သလိပ်မထွက်တော့ဘူး။ (ရက်သတ္တပတ် အနည်းငယ်အတွင်း) ၄။ အဆုတ်လုပ်ဆောင်ချက်များ (Lung Function)တိုးတက်လာခြင်း၊ (လအနည်းငယ်အတွင်း) ၅။ ကင်ဆာ၊ နှလုံးနှင့် နာတာရှည် ရောဂါဖြစ်ပွားမှု အန္တရာယ်လျော့နည်းလာခြင်း၊ (နှစ်အနည်းငယ်အတွင်း) စတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေရရှိပါမယ်။

**ဦးကြည်**။ ။ဒီလိုအကျိုးကျေးဇူးတွေရရှိတော့ လူ့သက်တမ်းရော ပိုရှည်လာမှာလား။

**ဆရာ** ။ ။ Absolutely သိပ်သေချာတာပေါ့ မြေကြီးလက်ခတ်ရင်လွဲချင်လွဲမယ်၊ ဒါကြောင့် အခုပဲဖြတ်လိုက်ပါ။ Do now! Stop and Quit Smorking Permanently တစ်သက်လုံး ပြန်မသောက်ကြေးပေါ့။ အသက်ပိုပြီး ရှည်ရှည်နေကြရအောင်လေ။ ၁။ အသက်အပိုင်းအခြား (၂၅ နှင့် ၃၄ နှစ်ကြား) ဆေးလိပ်ဖြတ်လျှင် (၁၀)နှစ် အသက်ပိုရှည်။ ၂။ အသက်အပိုင်းအခြား (၃၅နှင့် ၄၄ နှစ်ကြား)ဆေးလိပ်ဖြတ်လျှင် (၉)နှစ် အသက်ပိုရှည်။ ၃။ အသက်အပိုင်းအခြား (၄၅ နှင့် ၅၄ နှစ်ကြား) ဆေးလိပ်ဖြတ်လျှင် (၆)နှစ် အသက်ပိုရှည်။ ၄။ အသက်အပိုင်းအခြား (၅၅ နှင့် ၆၄ နှစ်ကြား)ဆေးလိပ်ဖြတ်လျှင် (၄)နှစ် ပို၍ ဆေးလိပ်မဖြတ်ဘဲ ဆက်လက်သောက်သုံးနေသူများထက် အသက်ရှည်ပျော်ရွှင်စွာနေရတယ်လို့ ခိုင်လုံသော လေ့လာချက်များအရ သိရတယ်။

**ဦးကြည်**။ ။အီး-စီးကရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် ဆေးတံသောက်ခြင်း ဘာကွာပါသလဲ။

**ဆရာ** ။ ။အဖြေကို သတိထားပြီး လေ့လာကြည့်ပါ။ "ဆောင်းရယ်၊ နှင်းရယ်၊ ကိုယ့်ချစ်သူရယ် အတူတူပါပဲကွယ်" အဲဒီလိုပဲ "စီးကရက်ရယ်၊ ဆေးပြင်း ဆေးပေါ့လိပ်ရယ်၊ ဆေးတံရယ် အတူတူပါပဲကွယ်" လို့ ဖြေရမှာပါပဲ။

**ဦးကြည်**။ ။ဆရာကအမှန်တရားကို အခြေခံစံထားပြီး ဖြေသွားတာဆိုတော့ တကယ်လည်းမှန်နေတော့ ဆရာ့အဖြေကို ယုံပါတယ်ဆရာ။ ရှေ့မှာဖော်ပြခဲ့သလို ဆေးလိပ်သောက်သုံးမှုနှုန်း ကျား၊မ အတွင်းမှာ ကျဆင်းလာခြင်းကို သိရှိရပြီးဖြစ်ပါတယ်။ ဒီထက်တိုးတက်အောင်မြင်အောင် ဘယ်လိုဆောင်ရွက်နေကြသလဲ။ ဆောင်ရွက်သင့်ပါသလဲ။

**ဆရာ** ။ ။ဘယ်လိုဆောင်ရွက်သင့်သလဲကို စဖြေပေးမယ်။ ဆေးလိပ်သောက်ခြင်းမှာ ပါဝင်ပတ်သက်တဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနတို့ကို ထည့်သွင်းစဉ်းစားရမယ်။ အဓိက ကတော့ (၁) ဆေးရွက်ကြီးစိုက်ပျိုးသူများ၊ (၂)ဆေးရွက်မှ စီးကရက်၊ ဆေးလိပ်ထုတ်လုပ်သူများ၊ (၃)စိုက်ပျိုးသည့်ဆေးရွက်၊ ထုတ်လုပ်သည့် ဆေးလိပ်၊ စီးကရက်များကို ဝယ်ယူသိုလှောင်ကြော်ငြာရောင်းချသူများ၊ (၄)ဆေးလိပ်၊ စီးကရက်သောက်သုံးသူများ၊ (၅)ရှေ့ဖော်ပြခဲ့တဲ့ အုပ်စုများ၏ လုပ်ငန်းများကိုစီမံကြီးကြပ်ကွပ်ကဲအုပ်ချုပ်သူအစိုးရများဆိုပြီး အဓိက အုပ်စု(၅)ခုရှိတယ်။

စာမျက်နှာ ၈ သို့

# ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သဘောတူ

**နေပြည်တော်  ဇွန်  ၁**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၅/၂၀၁၇) နှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်က နိုင်ငံတော်၏ကဏ္ဍအသီးသီးတွင် နိုင်ငံပိုင်ငွေဖြင့် မဆောင်ရွက်နိုင်ခြင်းကြောင့် ပြည်ပချေးငွေရယူပြီး စီးပွားရေးအဆောက်အအုံများအတွက် ထပ်မံရင်းနှီးမြှုပ်နှံပါက မအောင်မြင်ခဲ့လျှင် ကြွေးမြီပြဿနာသံသရာလည်နေမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံခြားချေးငွေ ရယူသည့် အပိုင်းတွင် ပို့ကုန်တိုးမြှင့်ရေး၊ နိုင်ငံခြားသွင်းကုန်အစားထိုး၊ အလတ်စားနှင့် အသေးစား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာနှင့် သားငါးကဏ္ဍ၊ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးများတွင် စနစ်တကျ ရင်းနှီးမြှုပ်နှံသင့်ကြောင်း၊ ချေးငွေရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကိန်းဂဏန်းအချက်အလက်များ စနစ်တကျ ပြုစုကောက်ယူပြီး ဖြစ်မြောက်နိုင်စွမ်းအပေါ် မူတည်ကာ အပြန်အလှန်သုံးသပ်ပြီးမှ ရင်းနှီးမြှုပ်နှံသင့်ပါကြောင်း၊ အတိုးနှုန်းကြီးမြင့်ပြီး ကတိကြေး၊ စီမံခန့်ခွဲမှုစရိတ်များ ပေးဆောင်ရကာ ဆိုင်းငံ့ကာလနှင့် ပြန်ဆပ်ကာလတိုတောင်းသည့် ချေးငွေမျိုးကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မဖြစ်မနေ မဆောင်ရွက်လျှင်မရသည့် စီမံကိန်းမျိုးအတွက်သာ ချေးယူသင့်ပါကြောင်း၊ Grant Element သတ်မှတ်ချက်အချိုးအရ သက်သာသော အတိုးပင်ဖြစ်စေကာမူ ချေးယူမှုကို စိစစ်ဆောင်ရွက်သင့်ပါကြောင်း၊ ချေးယူရာတွင်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်း ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ဘောဂဗေဒ)၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဒေါက်တာတင်တင်ဝင်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးနှင့် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းတို့က ဆွေးနွေးတင်ပြကြသည်။

အစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေကျော်လွန်မှုမှာ ရံဖန်ရံခါဖြစ်ပေါ်တတ်ပြီး ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှာ တစ်ကြိမ်ဖြစ်ပေါ်ခဲ့ပါကြောင်း၊ နောင်တွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ ဆောင်ရွက်သွားရန် လိုအပ်သော ကြိုတင်စီမံမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာသည် ပထမဆုံး အစီရင်ခံစာဖြစ်သည့်အတွက် အားနည်းချက်များ ပါဝင်နိုင်ပါကြောင်း၊ ယင်းအားနည်းချက်များကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ထောက်ပြဆွေးနွေးချက်များအရ ပိုမိုကောင်းမွန်သည့် အစီရင်ခံစာဖြစ်စေရန် တစ်နှစ်ထက်တစ်နှစ် ပိုမိုကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူကြောင်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ်သန်းလွင်အစား ဗိုလ်မှူးကြီးနေဝင်းအား လည်းကောင်း၊ ဗိုလ်မှူးချုပ်သက်ထွန်းအောင်အစား ဗိုလ်မှူးချုပ်အောင်စန်းချစ်အား လည်းကောင်း ပြောင်းလဲတာဝန် ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘောတူစာချုပ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အရေးပေါ်အခြေအနေများနှင့် နောက်ဆက်တွဲဖြစ်စဉ် ဆန်းစစ်ချက်အား ကြိုတင်ခန့်မှန်းခြင်း၊ အရေးပေါ်အခြေအနေ သတင်းအချက်အလက်များ မျှဝေခြင်း၊ ဘေးအန္တရာယ်ကျရောက်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရသူနှင့် အသက်ဆုံးရှုံးသူစာရင်း မျှဝေခြင်း၊ အဆင့်မြင့် နည်းပညာဖလှယ်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများအား အကူအညီပေးခြင်းနှင့် သဘောတူညီထားသည့်အတိုင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ တုံ့ပြန်ခြင်းတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အဆိုပါသဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်း၊ သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ နည်းပညာများ ဖလှယ်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိနိုင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စုစည်းမှုမရှိသော အလွတ်သဘောဆောင်သည့် စီးပွားရေးလုပ်ငန်းမှ စနစ်တကျ လုပ်ဆောင်သော စီးပွားရေးလုပ်ငန်းသို့ ကူးပြောင်းခြင်းဆိုင်ရာ တိုက်တွန်းချက် အမှတ် ၂၀၄ မှတ်တမ်းတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

စာချုပ် လက်မှတ်ရေးထိုးနိုင်ရေးနှင့် တိုက်တွန်းချက် အမှတ် ၂၀၄ မှတ်တမ်းတင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရေခွန်နှင့် တာတမံခွန် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးသန်းစိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးကြည်ဝင်းတို့က ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်လိုသည့် အခန်း၊ ပုဒ်မများ၊ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်၊ အဓိပ္ပာယ်ပြဋ္ဌာန်းလိုသည့်အချက်များနှင့် အသစ်ပြဋ္ဌာန်းလိုသည့် အချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးလားလ်မင်းထန်တို့က ဥပဒေကြမ်း၏ ပြင်ဆင်လိုသည့် အခန်း၊ ပုဒ်မများ၌ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရယူခြင်းကို ဇွန် ၆ ရက်တွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

**မျိုးမြင့်၊ မီမီဖြိုး (သတင်းစဉ်)**

# လွှတ်တော်စာကြည့်တိုက်သို့ အမေရိကန်သံရုံးမှ စာအုပ်များလှူဒါန်း



**နေပြည်တော်  ဇွန်  ၁**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ လွှတ်တော်စာကြည့်တိုက်သို့ ဥပဒေပြုရေးဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ အထောက်အကူပြုစာအုပ်များဖြစ်သည့် အင်္ဂလိပ်ဘာသာစာအုပ် ၅၀ နှင့် မြန်မာဘာသာစာအုပ် ၂၇ အုပ် စုစုပေါင်း ၇၇ အုပ်၊ အမေရိကန်ဒေါ်လာ ၃၄၈၆ ဒသမ ၇၈ တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁ ရက် နံနက် ၈ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အမေရိကန်သံရုံး Political Officer Mr. Mark R. Maloney က စာအုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာအုပ်များပေးအပ်လှူဒါန်းသည်။

လှူဒါန်းပွဲသို့ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမေရိကန်သံရုံးနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ကလေးစာပေပွဲတော်(တောင်ကြီး)တွင် ကလေးများအတွက် ပြခန်းများအစုံအလင်ပြသမည်

**တောင်ကြီး ဇွန် ၁**

ကလေးစာပေပွဲတော် (တောင်ကြီး)ကို ဇွန် ၂ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ကလေးစာပေပွဲတော်တွင် ကလေးများ စာပေချစ်မြတ်နိုးစေရန် ရည်ရွယ်၍ ကလေးစာဖတ်ခန်းများအပြင် ကလေးများပျော်ရွှင်ပြီး ဉာဏ်ရည် ထက်မြက်စေမည့် အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

ထို့အပြင် ကလေးစာပေပွဲတော်အတွင်း ကလေးစာပေများစွာရေးသားခဲ့သည့် ဆရာကြီးမင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကလေးစာအုပ်ပြခန်း၊ 3D ပြခန်း၊ ကလေးစာဖတ်ခန်း၊ နည်းပညာမိတ်ဆက်ပြခန်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့အခြေခံပညာကျောင်းများမှ စုပေါင်း၍ ခင်းကျင်းပြသထားသည့် သိပ္ပံလက်တွေ့ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ သင်ထောက်ကူပစ္စည်းများပြခန်း၊ တီထွင်ဆန်းသစ်မှုပြခန်း၊ ပညာပေးပြခန်း၊ ဒေသလက်မှုလုပ်ငန်းပြခန်း၊ တောင်ကြီးမြို့ ပညာရေးကောလိပ်၊ တောင်ကြီးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များက ပူးပေါင်းဖွင့်လှစ်သည့် ပြခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ မှခင်းအသိပညာပေးရွှေ့လျားစာကြည့်တိုက်ပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသိပညာပေးပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပြခန်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ခင်းကျင်းပြသထားသည့်ပြခန်း၊ ကိုယ်ပိုင်ကျောင်းများမှ ပြသထားသည့် ပညာရေးနှင့်သင်ထောက်ကူပြခန်း၊ တီထွင်ဆန်းသစ်မှုနှင့် ဒေသလက်မှုလုပ်ငန်းပြခန်း၊ သိပ္ပံပြခန်း၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်းပြခန်း၊ မန်းညွန့်စံ သင်ထောက်ကူပြုပြခန်း၊ ဘကကျောင်းများမှ ခင်းကျင်းထားသည့်ပြခန်းနှင့် U Book Education မှ ခင်းကျင်းပြသထားကြောင်း သိရသည်။

**အောင်မင်းဟန်**




# ကလေးစာပေပွဲတော်(တောင်ကြီး) အစမ်းလေ့ကျင့်မှုများပြုလုပ်

**တောင်ကြီး ဇွန် ၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် (တောင်ကြီး) အောင်မြင်စွာ ကျင်းပနိုင်ရေး အစမ်းလေ့ကျင့်မှုများကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် (ဘက်စုံခန်းမ)၌ ကျင်းပသည်။ **(ယာပုံ)**



ကလေးစာပေပွဲတော်(တောင်ကြီး) အောင်မြင်စွာကျင်းပနိုင်ရေး အစမ်းလေ့ကျင့်မှုများ ကျင်းပရာနေရာသို့ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် တာဝန်ရှိသူများ၊ ပွဲတော်တွင် ပါဝင်မည့် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကဏ္ဍအလိုက် အသေးစိတ် အစမ်းလေ့ကျင့်မှုများဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများက ပွဲတော်တွင် ခင်းကျင်းပြသမည့် ပြခန်းများအား လိုက်လံကြည့်ရှုခဲ့ကြသည်။

ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် (ဘက်စုံခန်းမ)၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များ၊ ပြပွဲပြိုင်ပွဲများ၊ စာပေဟောပြောပွဲများ၊ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ ဂိမ်းကစားခြင်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ပြခန်းများနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အောင်မင်းဟန်(သုတေသန)**

## နွှဲပျော်ကြစို့ အတူတကွ

❁ ညီမလေးရေ သွားစို့ကွယ်
ညီထွေးလေးရေ သွားကြမယ်
စာပေပွဲတော်ကွယ်
နွှဲလို့ပျော်မယ် အတူတကွ
ကိုကို မမ လိုက်ပို့ကြ။
❁ ညီထွေးလေးက ဆေးရောင်ခြယ်
ကိုကို ဂိမ်းကစားမယ်
ညီမလေးရယ် စက္ကူခေါက်
မမ အိမ်တည်ဆောက်။
❁ ကဗျာရွတ်ဆိုပြိုင်ပွဲ ပါပါတယ်
ပုံပြင်များလည်း ပြောကြမယ်
ကျပန်းပြောတာ တို့အားပေး
မျက်လှည့်၊ ရုပ်သေး
ကြည့်မယ်လေး။
❁ ဖျော်ဖြေရေးတွေ စုံလင်စွာ
အရုပ်ဆက်ပေါ့ ညီထွေးရာ
ညီမလေးမှာ စကားပုံဆက်
ကိုကို မမ ဟောပြောပွဲတက်။
❁ ပျော်စရာနေ့ရက် သည်ချိန်ခါ
ဆရာကြီးမင်းသုဝဏ်
စာအုပ်ပြခန်းလည်းပါ
ဗဟုသုတဖြစ်စရာ ကားတွန်းပြပွဲ
လှည့်လည်ကြည့်ရင်း
ပုံတူပန်းချီဆွဲ။
❁ ကလေးစာပေများ ဝယ်ကြမယ်
ဗဟုသုတများ စုံလင်တယ်
စာဖတ်ကြမယ် တို့ကလေးများ
စာပေပွဲတော် သွားစို့လား။
❁ စာပေပွဲတော် နွှဲလို့ပျော်
သာယာလှတဲ့ သည်မြို့တော်
ဖိတ်ခေါ်ပါတယ်
“တောင်ကြီးမြို့”က
ကလေးများတို့ရေ လှမ်းခဲ့ကြ။
နွှဲပျော်ကြစို့ အတူတကွ။ ။

**(တောင်ကြီး ကလေးစာပေပွဲတော် ဂုဏ်ပြုကဗျာ)**

■ **ဇင်ခန့်နိုင်**

---

*စာမျက်နှာ ၆ မှ*

တစ်ခုနဲ့ တစ်ခုလည်း အမြဲမပြတ်နှီးနွှယ်ဆက်စပ်လျက်ရှိတယ်။ လုံးဝခွဲခြားလို့မရဘူး။ နိုင်ငံများရဲ့နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စားဝတ်နေရေး ဥပဒေပြုရေး၊ အရေးယူ အပြစ်ပေးမှု၊ ပြည်သူလူထုရဲ့ဓလေ့စရိုက် စသည်တို့ မတူကြခြင်းကြောင့် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေဟာလည်း ကွာခြားနိုင်ပါတယ်။ လိမ္မာပါးနပ်လိုက်လျောညီထွေစွာ ဆောင်ရွက်သင့်တယ်လို့ ပထမဖြေချင်ပါတယ်။ ဆက်ပြီး အုပ်စု(၁) စိုက်ပျိုးသူများအတွက် အစားထိုးဝင်ငွေရမည့် စီးပွားရေးလုပ်ငန်း ဖော်ဆောင်ပေးခြင်း၊ ပညာပေးစည်းရုံးခြင်း၊ (၂)ဆေးလိပ် စီးကရက်ထုတ်လုပ်သူများအတွက်လည်း ပညာပေးစည်းရုံးခြင်း၊ အစားထိုးလုပ်ငန်းဆောင်ရွက်ပေးခြင်း၊ (၃)ဝယ်ယူသိုလှောင် ကြော်ငြာရောင်းသူများအတွက် ပညာပေးစည်းရုံးခြင်း၊ ဆေးလိပ်ဘူးခွံပေါ်တွင် ဆေးလိပ်၏ အန္တရာယ်ကိုဖော်ပြထားစေခြင်း၊ (၄)ဆေးလိပ်သောက်သုံးသူများအတွက် ပညာပေးစည်းရုံးခြင်း၊ မီဒီယာများ၏ အခန်းကဏ္ဍအရေးကြီး၍ ၎င်းတို့၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခြင်း၊ (၅)အစိုးရအနေဖြင့် ဥပဒေဖြင့် စိုက်ပျိုးထုတ်လုပ် စီမံရောင်းချခြင်းကို ပိတ်ပင်တားဆီးအရေးယူခြင်း၊ ၎င်းတို့အတွက် အစားထိုးဝင်ငွေရလုပ်ငန်းများ ဖော်ထုတ်ပေးနိုင်ခြင်း၊ ဆေးလိပ်နှင့် ပတ်သက်တဲ့ အခွန်တိုးမြှင့်ခြင်းတို့ ဖြစ်ပါတယ်။

**ဦးကြည်** ။ ။ သိပ်ပြီးအကျိုးရှိတာပဲဆရာ အားလုံးအတွက် မှတ်သားလိုက်နာဆောင်ရွက်သင့်တဲ့ အခြေခံမှုများဖြစ်ပါတယ်။ ဆက်ပြီး ရှင်းပြပေးပါဦး။

**ဆရာ** ။ ။ အုပ်ချုပ်သူလူတန်းစားများအနေနဲ့ အလွယ်တကူ လမ်းညွှန်ဆောင်ရွက်လို့မရဘူး (ဥပမာ-“ကွမ်းယာမရောင်းရ” ဆိုပြီး ညွှန်ကြားတုန်းက ဦးကြည်လည်း ကြားမှာပါ။ ဘာမှဝင်ငွေရအစားထိုးလုပ်ငန်းလည်း ရှာမပေးနိုင်ဘဲနဲ့ ရုတ်တရက်ကြီး ဒီလူတန်းစားတွေ ဘယ်လိုစားဝတ်နေရေးအတွက် လုပ်ကြရမှာလဲ၊ အစိုးရအပေါ် ဝေဖန်မှုတွေတောင် ရှိလာနိုင်တယ်) တစ်ခုခုကို လမ်းညွှန်ဆောင်ရွက်တော့မယ်ဆိုရင် ဖြစ်လာနိုင်တဲ့အခြေအနေတွေကို ဖြေရှင်းနိုင်မှသာ ဆောင်ရွက်သင့်ပါတယ်။ ဦးကြည်ရဲ့ ဘယ်လိုဆောင်ရွက်နေကြသလဲဆိုတာကို ဆက်ပြီးဖြေပေးပါ့မယ်။

**ဦးကြည်** ။ ။ စိတ်ဝင်တစားနားဆင်လျက်ပါ ဆရာ။

**ဆရာ** ။ ။ ဆေးလိပ်အန္တရာယ်ကင်းဝေးအောင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို အထက်မှာဖော်ပြခဲ့သလို အုပ်စု ငါးခုလုံးအတွက် ဖော်ပြပြီးဖြစ်လို့ လိုရင်းတိုရှင်းပဲဖြေတော့မယ်။ (၁)ဆေးလိပ်အခွန်အတုတ်များ တိုးမြှင့်သတ်မှတ်ခြင်း၊ (၂)ဆေးလိပ်တိုက်ဖျက်ရေး ကင်ပိန်းများဆောင်ရွက်ခြင်း၊ (၃)မီဒီယာများ အသုံးပြု၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (၄)နိုင်ငံအချို့ (ဥပမာ-ကယ်လီဖိုးနီးယား၌ မေလ ၂၀၁၆ ခုနှစ်တွင် ဆေးလိပ်မသောက်ရသည့် အသက်သတ်မှတ်ချက်ကို (၁၈)နှစ်မှ (၂၁)နှစ်သို့ တိုးမြှင့်သည့် ဥပဒေထုတ်ပြန်ခဲ့ခြင်း)လိုအပ်သော ဥပဒေထုတ်ပြန်ခြင်း၊ (၅)အများပြည်သူတို့နှင့်ဆိုင်သည့် နေရာများတွင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်တားဆီးခြင်း၊ ဆေးလိပ်ဘူးခွံပေါ် တွင် ဆေးလိပ်၏အန္တရာယ်များ ဖော်ပြစေခြင်း၊ စသည်တို့ကို ဆောင်ရွက်နေကြပါတယ်။ တို့အမြင် ပြောရရင် ဥပဒေ ညွှန်ကြားချက်တွေပြည့်စုံအောင် ရှိပြီးသားဖြစ်ပါတယ်။ အရေးယူတဲ့အပိုင်းကို အလေးထားဆောင်ရွက်သင့်တယ် ဆောင်ရွက်ကြပါလို့ အကြံပြုလိုပါတယ်။

**ဦးကြည်** ။ ။ဆရာပြောသလို အုပ်စု ငါးခုလုံး ညီညီညွတ်ညွတ်ဆောင်ရွက်ရင် အောင်မြင်မှာပေါ့နော်၊ ပြိုင်တူတွန်းရင် ရွေ့နိုင်တယ်ဆိုသလိုပေါ့။

**ဆရာ** ။ ။ ဒီလိုဖြစ်ခဲ့ရင် အတိုင်းနဲ့ အလွန်ပေါ့ဗျာ။ ရှေ့ကတင်ပြခဲ့သလို အုပ်စု ငါးခု ဆက်နွှယ်မှုရှိတယ်။ အထူးသဖြင့် စိုက်ပျိုးသူ၊ ရောင်းဝယ်၊ ထုတ်လုပ်သူနဲ့ အစိုးရ ဤ(၄)ဖွဲ့ရဲ့ ဆက်နွှယ်မှုက နက်နဲတယ်။ တချို့နိုင်ငံတွေမှာ ထုတ်လုပ်ရောင်းဝယ်သူနဲ့ အစိုးရအဖွဲ့ဝင်တချို့က တစ်ဦးတည်း(သို့)ဆွေမျိုး တပည့် ရင်းနှီးသူအုပ်စုများဖြစ်နေကြခြင်း၊ ဆေးလိပ်ကုမ္ပဏီများက အာဏာရအစိုးရများ၏ ရွေးကောက်ပွဲအနိုင်ရရှိရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ငွေကြေးကူညီထောက်ပံ့မှုများရှိနေခြင်း။ ဦးကြည်နဲ့ စာဖတ်သူများ စဉ်းစားတွေးဆကြည့်ကြပါတော့။

**ဦးကြည်** ။ ။အခက်အခဲတိုင်းမှာ ထွက်ပေါက်ဆိုတာရှိတယ်လို့ ကြားဖူးပါတယ်။ ဆရာ့သဘောထား ပြောပြပေးပါ။

**ဆရာ** ။ ။ကျွန်တော်တို့ အားထားရမှာက ဆေးလိပ်သောက်သုံးတဲ့ အုပ်စုဖြစ်တဲ့ “ပြည်သူလူထုပါပဲ” ပြည်သူတွေညီညွတ်ရင် အောင်မြင်မှုရရှိကြောင်း လက်တွေ့သာဓကတွေ ရှိပြီးသားပါ။ အားလုံးသိကြမှာပါ။ ပြည်သူတွေကသာ ဆေးလိပ်ကို ရန်သူလိုသဘောထားပြီး ရှောင်မယ်၊ ဖြတ်မယ်ဆိုရင်၊...ဆိုရင်၊...၊ ဒါတို့အားလုံးရဲ့မျှော်လင့်ချက်ပါပဲ၊ ပြည်သူသာလျှင် တို့ရဲ့ကိုးကွယ်အားထားစရာလို့မှတ်ပါ။

**ဦးကြည်** ။ ။ဆရာနဲ့ဆွေးနွေးရတာ အားတက်လာလိုက်၊ စိတ်ဓာတ်ကျသွားလိုက်ဖြစ်နေပြီး အဲလိုအခြေအနေဆိုတော့ ဘယ်တော့လောက် အောင်မြင်မှာလဲ။

**ဆရာ** ။ ။အုပ်စု ငါးခုလုံး ညီညွတ်မယ်ဆိုရင် ပိုမြန်မယ်။ ဒါတောင် အချိန်တော့ယူရဦးမယ်။ ပြည်သူလူထု အုပ်စုတစ်ခုထဲဆိုရင် အခုဆေးလိပ်သောက်နေတဲ့ သန်း ၁၁၀၀ ခန့်သော လူများ ဆေးလိပ်ဖြတ်ရမယ်။ ကျန်တဲ့ သန်း ၆၀၀၀ ကျော်က ဆေးလိပ်စမသောက်အောင် ရှောင်ရမယ့် သဘောပေါ့။ ဘယ်တော့အောင်မြင်မယ်ဆိုတာကို အဖြေပေးရရင် တို့တစ်တွေ မင်္ဂလာဒုံဆေးတက္ကသိုလ်(၂)မှာ ပညာသင်ယူစဉ် (၁၉၆၈-၁၉၇၅)က ကျေးဇူးရှင်ဆရာ ခွဲစိတ်ပါမောက္ခ ဒေါက်တာဦးမောင်မောင်စိန်ကို သတိရမိတယ်။ ရောဂါစမ်းလို့ ဆရာကြီးက သူမသိတော့ဘူးဆိုရင် ဘယ်သူမှလည်း သိမှာမဟုတ်ဘူး။ ဘုရားသာသိမယ်ဆိုတဲ့ "I don't know; nobody know and God alone know"လို့ ပြောတာကို ကြားယောင်ရင်း၊ ဘုရားသာလျှင် ဖြေနိုင်ပါ့မယ်လို့ ဖြေချင်ပါတယ်။

**ဦးကြည်** ။ ။ကျွန်တော်ရောက်နေတာလည်း ကြာပြီ။ မေးတာတွေလည်းများပြီး တော်တော်များများသိရပြီဖြစ်လို့ ဆရာ့ကို ကျေးဇူးတင်ပါတယ်။ ဆရာပြောလိုတာလေးတွေ ဖြည့်စွက်ပြောပါဦးဆရာ။

**ဆရာ** ။ ။တော်တော်များများဆွေးနွေးပြီးပြီဆိုတော့ ကျွန်တော့်ရဲ့တွေးမြင်ယူဆချက်ကိုသာ တင်ပြလိုပါတယ်။ (၁)ဆေးလိပ်ကို နှစ် ၇၀၀၀ ကျော်ကတည်းက စသောက်လာတော့ ဆေးလိပ်ကြောင့်ရတဲ့ ရောဂါတွေတော့ရှိခဲ့မှာပဲ။ ဒါပေမယ့် Diagnosis ရောဂါရှာဖွေ မသတ်မှတ်နိုင်လို့သာဖြစ်မယ်။ ဆေးလိပ်ငွေ့ထဲမှာပါတဲ့ ဓာတ်ပစ္စည်းတွေ ဒီလိုပဲပေါ့။ ရောဂါရှာဖွေနိုင်တဲ့နည်းတွေ ပစ္စည်းကိရိယာတွေဟာ (၁၉) ရာစုနှောင်းပိုင်းနဲ့ (၂၀)ရာစုအစပိုင်း လောက်မှာ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာတာတွေ့ရတယ်။ (၂)လူတွေရောဂါရရှိတာလည်း ဆေးလိပ်အပြင် စက်မှုထွန်းကားလာခြင်း၊ ကားစီးရေများပြားလာခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုတို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်တယ်။ ဒါတွေလည်း ၁၉ ရာစု ၊ ၂၀ ရာစုတွေမှာ ပိုဖြစ်လာကြတယ်။ နောက်ဆုံးခြုံပြီး အကြံပြုလိုတာကတော့ ဆေးလိပ်ကို ရန်သူလိုသဘောထားပါ။ (၂)ဆေးလိပ်အန္တရာယ်ဟာ အေအိုင်ဒီအက်(စ်)နဲ့ တီဘီ၊ ဆေးယဉ်ပါး တီဘီတို့ထက် ကြောက်စရာပိုကောင်းတယ်။ (၃)ဒါကြောင့် ဆေးလိပ်မသောက်သေးသူများ မစမိအောင်၊ ဆေးလိပ်သောက်သုံးနေကြသူများ ဆေးလိပ်ဖြတ်အောင် ခိုင်မာပြင်းပြတဲ့ စိတ်ဆန္ဒနဲ့ အခုပဲဖြတ်ကြပါစို့လို့ မှာကြားချင်ပါတယ်။ စာဖတ်သူများထဲမှ တစ်ယောက်လောက်ဆေးလိပ်ဖြတ်နိုင်လျှင်ပဲ ကျွန်တော် ဤဆောင်းပါးကို ရေးရကျိုးနပ်ပါပြီ။ တကယ်လို့ ဆေးလိပ်ပြတ်သွားလျှင် ဖုန်း-၀၉-၇၇၇၉၁၀၁၄၀ ကို အကြောင်းကြားပေးပါလို့ မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား။

# အရှေ့တောင်အာရှတွင် ပထမဆုံးကွန်တိန်နာထိန်းချုပ်ရေးယူနစ် မြန်မာနိုင်ငံတွင်ဖွင့်လှစ်



**ရန်ကုန် ဇွန် ၁**

မူးယစ်ဆေးဝါးနှင့် လက်နက်များကိုပါ စစ်ဆေးမှုပြုလုပ်နိုင်သည့် အရှေ့တောင်အာရှနိုင်ငံများ၏ ပထမဆုံးသော ဆိပ်ကမ်းကွန်တိန်နာ ထိန်းချုပ်စစ်ဆေးရေးယူနစ်ကို မေ ၃၁ ရက်က သခင်မြပန်းခြံအနီး မြန်မာ့စက်မှုဆိပ်ကမ်း MIP ၌ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"ဒီစနစ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကွန်တိန်နာတွေကိုစနစ်တကျစစ်ဆေးနိုင်ဖို့၊ တရားမဝင်မူးယစ်ဆေးဝါးနဲ့လက်နက်တွေရောင်းဝယ်ဖောက်ကားမှုကိုတားဆီးနိုင်ဖို့၊ ဒီကမှတစ်ဆင့် အကောက်ခွန်ဝင်ငွေတိုးတက်ရရှိပြီး နိုင်ငံတကာနဲ့ ကုန်သွယ်မှုကို တိုးမြှင့်သွားနိုင်ဖို့ ဖြစ်ပါတယ်"ဟု အကောက်အခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

"ကျွန်တော်တို့ ဒီစနစ်က ပနားမားတူးမြောင်းမှာ သန်းနဲ့ချီတဲ့ကွန်တိန်နာတွေကို ထိန်းချုပ်ဖြေရှင်းရာမှာ အောင်မြင်ခဲ့တဲ့စနစ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီစနစ်ကအောင်မြင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ အထူးသဖြင့် ဒီစနစ်ကို အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက ပထမဆုံးဖွင့်လှစ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အကောက်ခွန်ဌာနအတွက် ဂုဏ်ယူစရာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကမ္ဘာတစ်ဝန်းလုံးရှိ ကွန်တိန်နာထိန်းချုပ်ရေး ယူနစ်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်" ဟု ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC) ဒေသဆိုင်ရာ မန်နေဂျာမစ္စတာထရိုးလ်ဗက်စတာက ယင်းအခမ်းအနားတွင် ပြောသည်။

အဆိုပါ အခမ်းအနားတွင် ဩစတြေးလျသံရုံးမှ First Secretary မစ္စတာနာသန်မင်ချင်းနှင့် ကနေဒါသံရုံးမှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာကလောဒီစိန့်ဒင်းနစ်တို့ကလည်း အမှာစကားများ ပြောကြားခဲ့သည်။

"ဒီစနစ်ဖွင့်လှစ်နိုင်တာ ဩစတြေးလျနဲ့ ကနေဒါနိုင်ငံ အစိုးရတွေ၊ UNODC တို့ရဲ့ ကတိကဝတ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ဒါ့အပြင် မြန်မာနိုင်ငံအကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ ဒီကနေ့ခေတ်မှာ ကွန်တိန်နာတွေ သန်းနဲ့ချီပြီး ကူးသန်းရောင်းဝယ်နေတာဖြစ်လို့ အမှန်တကယ်ပဲ အရေးတကြီးလိုအပ်တဲ့စနစ်ဖြစ်ပါတယ်"ဟု မြန်မာ့စက်မှုဆိပ်ကမ်းမှ တာဝန်ခံအရာရှိ မစ္စတာခရစ်ကပြောသည်။

လက်ရှိအချိန်တွင် မြန်မာ့စက်မှုဆိပ်ကမ်းတွင် ကွန်တိန်နာများကို အိတ်စ်ရေးစနစ်ဖြင့် စစ်ဆေးလျက်ရှိရာ သံသယရှိသော ကွန်တိန်နာများကို သတင်းအချက်အလက်များပေါ်မူတည်၍ ကွန်တိန်နာထိန်းချုပ်ရေးယူနစ် (Port Control Unit) ဖြင့် စစ်ဆေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းစနစ်အတွက် ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့မှ ငွေကြေးထောက်ပံ့ကူညီခဲ့ပြီး လုပ်ငန်းတွင်တာဝန်ထမ်းဆောင်မည့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအား UNODC နှင့် WCOတို့မှ တာဝန်ရှိသူများက သင်တန်းများ ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ငြိမ်းချမ်းရေးနှင့်ဖက်ဒရယ်ဆိုင်ရာ ပြည်သူများအသိပညာပြန့်ပွားစေရေး အလုပ်ရုံဆွေးနွေး

**ဒလ ဇွန် ၁**

တိုင်းရင်းသား လူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း(CDES)မှ စီစဉ်မှုဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ မြှင့်တင်နိုင်ရန်နှင့် ပြည်သူများအား အသိပညာပြန့်ပွားစေရန် ရည်ရွယ်၍ ဒလမြို့ဒေသခံ ငြိမ်းချမ်းရေးချစ်မြတ်နိုးသူများအဖွဲ့တို့ ပူးပေါင်းစီစဉ်သော ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ် အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ဇွန် ၁ ရက်က ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူများနှင့် ဆိတ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များမှ ငြိမ်းချမ်းရေး စိတ်ဝင်စားသောပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ဆလိုင်းငွန်းလျန်ဆန်းက ငြိမ်းချမ်းရေးနှင့်ဖက်ဒရယ် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဒလမြို့နယ်၌ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်းမှ Grace Ngun Za Tial (Managing Director of CDES)၊ Moeses C.Tehio (Research Director of CDES) နှင့် ဆရာရန်နိုင်ကျော် (မြန်မာ့နိုင်ငံရေး သုံးသပ်သူ) တို့က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်လှုပ်ရှားမှု သမိုင်းနောက်ခံအကြောင်းများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ခြင်းအကြောင်း၊ ဖက်ဒရယ်စနစ်အင်္ဂါရပ်များအကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် ပြုပြင်ပြောင်းလဲရေးတွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အရေးကြီးပုံအကြောင်းအရာများကို သင်တန်းတက်ရောက်ကြသည့် ပြည်သူများအား အဖွဲ့လိုက်ဆွေးနွေးခြင်း၊ တင်ပြခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကို ပြုလုပ်သွားမည်ဖြစ်သည်။

ဇွန် ၃ ရက်တွင် ဒေသခံပြည်သူများနှင့် ဆိတ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများရှိ ပြည်သူများနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**



# ဂန့်ဂေါခရိုင် ကျောက်ထုဒေသ ယောချောင်းရေမြင့်တက်လျက်ရှိ

**ကျောက်ထု ဇွန် ၁**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်တွင် မေလနောက်ဆုံးပတ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အဆိုပါဒေသတွင် ဖြတ်သန်း စီးဆင်းသည့် ယောချောင်းရေမှာ မြင့်တက်လာရာ ပခုက္ကူ-ပေါက်-ကျောက်ထုကားလမ်းယောချောင်းတံတား ပျက်စီးမှုမရှိရန် ဂုံဘိုရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလုကြွယ်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေစီးရှိန်လျော့နည်းနိုင်ရန် သစ်သားတိုင်များ စိုက်ထူခဲ့ကြသည်။

ထို့အပြင် အဆိုပါဒေသတွင် ယောချောင်းဘေးရှိ လယ်မြေများ ပျက်စီးမှုမရှိရန် ကျေးရွာများအလိုက် ဆောက်လုပ်ထားသည့် ရေကာတာများကြံ့ခိုင်ရေးလုပ်ငန်းကိုလည်း စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀၁)

# မြစ်ကူး၊ ချောင်းကူးတက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများအသက်ကယ်အင်္ကျီဝတ်ဆင်ရန် စီမံဆောင်ရွက်ထား

**ဂွ ဇွန် ၁**

မိုးရာသီတွင် ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ချောင်းတစ်ဖက်ရှိ မကျေးငူကျေးရွာနှင့် အခြားကျေးရွာများမှ ကျောင်းတက်ရန် လာကြသည့် ကျောင်းသား ကျောင်းသူများ အသက်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များသည် မေလ နောက်ဆုံးပတ်တွင် အသက်ကယ်အင်္ကျီများ ဝတ်ဆင်၍ ချောင်းကူးကြရေးကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် လှေဆိပ်တွင်ထားရှိသည့် အသက်ကယ်အင်္ကျီများကို အသွားအပြန်ဝတ်ဆင်အသုံးပြုနိုင်စေရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# မုန်တိုင်းတိုက်ခတ်ခဲ့သော အပျက်အစီးများအားရှင်းလင်း

**စစ်တွေ ဇွန် ၁**

စစ်တွေမြို့နယ်တွင် မေ ၂၉ ရက်မှ စတင်ကာ ဆိုင်ကလုန်းမုန်တိုင်း မိုရာတိုက်ခတ်မှုကြောင့် ဌာန ဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်အမိုးများလန်ထွက်ခြင်း၊ လမ်းမများပေါ်သို့ သစ်ပင်များ၊ လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲခြင်းများကြောင့် လျှပ်စစ်မီးများ ပြတ်တောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများကျိုးကျနေမှုများကို ဇွန် ၁ ရက်တွင် တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ လမ်းမကြီး၊ အကောက်ရုံလမ်း၊ကျောင်းကြီးလမ်းနှင့် မေယုလမ်းတစ်လျှောက်အမှိုက်များကို ရှင်းလင်းခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(တင်ထွန်း ပြန်/ဆက်)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ**
**လွန်စွာပူအေး၊ ဥတုဘေး။**

# ထရန့်နှင့်ဗီယက်နမ်ဝန်ကြီးချုပ်တို့ မြောက်ကိုရီးယား၏ နျူကလီးယားအရေးဆွေးနွေး

**ဝါရှင်တန် ဇွန် ၁**
အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင် ဇူယွမ်ဖတ်တို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများနှင့် သဘောထားအမြင်များကို မျှဝေခဲ့ကြကြောင်း သိရသည်။

ထရန့်နှင့် ငုယင်ဇူယွမ်ဖတ်တို့သည် ဗုဒ္ဓဟူးနေ့တွင် အိမ်ဖြူတော်၌တွေ့ ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ဖတ်သည် အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်များ အနက် ထရန့်နှင့် ပထမဆုံးတွေ့ဆုံစကားပြောဆိုသည့် ခေါင်းဆောင်ဖြစ်သည်။

ဆွေးနွေးပွဲစတင်ချိန်တွင် ထရန့်က ၎င်းအနေဖြင့်မြောက်ကိုရီးယားအရေးနှင့် ကုန်သွယ်ရေးကိစ္စတို့ကို ဗီယက်နမ်ခေါင်းဆောင်နှင့်အတူ ဆွေးနွေးလိုကြောင်း ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးတွေ့ဆုံမှုအပြီး ပူးတွဲထုတ်ပြန်ချက်တွင် ထရန့်၏အစိုးရအဖွဲ့ကအမေရိကန်ကို ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ် (TPP)မှ ဖယ်ထုတ်လိုက်ပြီဖြစ်သော်လည်း နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအောင်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။ ဗီယက်နမ်သည် TPP စာချုပ်တွင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည်။ ၎င်းတို့သည် မြောက်ကိုရီးယား၏ နျူကလီးယားနှင့်တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများအပေါ်စိုးရိမ်ပူပန်လျက်ရှိပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်သည့်အရေးယူဆောင်ရွက်မှု မူဘောင်အတွင်းရှိ ပိတ်ဆို့မှုများကို တင်းကျပ်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနိုင်ငံတကာကိုတွန်းအားပေးသွားရန် သဘောတူညီခဲ့ကြသည်။ ပူးတွဲထုတ်ပြန်ချက်အတွင်း တောင်တရုတ်ပင်လယ်အတွင်း၌ တရုတ်နိုင်ငံကရေကြောင်းလှုပ်ရှားမှုများ တိုးမြှင့်ဆောင်ရွက်လာမှုကိုလည်း ရည်ညွှန်းထားသည်။ အငြင်းပွားဖွယ် ကင်းတပ်စခန်းများတွင် တင်းမာမှုများကို ဖြစ်ပေါ်လာစေမည့် အပြုအမူများကိုမပြုလုပ်ဘဲ ရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ပူးတွဲဖော်ပြချက်အတွင်း အမေရိကန်အနေဖြင့် နိုင်ငံတကာစည်းမျဉ်းများအောက်တွင်ခွင့်ပြုထားသည့်ရေပိုင်နက်များအားလုံးတွင်ရေကြောင်းသွားလာမှုများဆက်လက်ပြုလုပ်သွားရန် ထရန့်ကအာရုံစိုက်လျက်ရှိကြောင်း ဆက်လက်ဖော်ပြထားသည်။ **(ရိုက်တာ)**



# ဝါရှင်တန်ဒီစီ ထရန့်ဟိုတယ်အနီး၌ လက်နက်တင်ကားတစ်စီး ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၁**
အမေရိကန်သမ္မတ အိမ်ဖြူတော်နှင့် အနီးအနားတွင်တည်ရှိသော ထရန့် ဟိုတယ်အနီး ရပ်ထားသောကားတစ်စီး တွင် သေနတ်နှစ်လက်နှင့် ကျည်ဆန်များ ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါ ကိစ္စနှင့် ပတ်သက်ပြီး ယင်းဟိုတယ်တွင်တည်းခိုနေထိုင်သည့် လူတစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။




ပင်ဆဲလ်ဗေးနီးယား၌ နေထိုင်သည့် အသက် ၄၃ နှစ်အရွယ်ရှိ ဘရန်မိုလ်ဆိုသူ မောင်းနှင်လာသော ကားထဲတွင် ဘုရှ်မာစတာအေအာရ် ၁၅ ပုံစံ လက်နက်ကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် နံနက် ၁ နာရီ မိနစ် ၅၀ တွင် ၎င်းအားဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ဝါရှင်တန်ဒီစီ ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ထို့ပြင် ကားတွင်းရှိသေတ္တာထဲတွင် ဂလော့ခ် ၂၃ သေနတ်တစ်လက်နှင့်အတူ ၇ ဒသမ ၆၂ မီလီမီတာကျည်ဆန် အတောင့် ၃၀ နှင့် ပွိုင့် ၂၂၃ အတောင့် ၆၀ တို့ကို ရဲတပ်ဖွဲ့ကရှာဖွေတွေ့ရှိခဲ့သည်။

၎င်းသည် လိုင်စင်မဲ့သေနတ်ကိုင်ဆောင်မှုနှင့် တရားမဝင်ကျည်ဆန်လက်ဝယ်တွေ့ရှိမှုများဖြင့် တရားစွဲဆိုခံရနိုင်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**

# ဒုံးကျည်ကာကွယ်ရေးစနစ်အပေါ် စိုးရိမ်မှုများကို ဖြေဖျောက်ရန် တောင်ကိုရီးယားသမ္မတကြိုးပမ်း

**ဆိုးလ် ဇွန် ၁**
တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းသည် မဟာမိတ်တရုတ်နိုင်ငံကိုဒေါသထွက်စေခဲ့သည့် ဒုံးကျည်ကာကွယ်ရေးစနစ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံအားဒေါသပြေပျောက်စေရန်ကြိုးပမ်းသည့်အနေဖြင့် ကြာသပတေးနေ့တွင် ၎င်း၏ထိပ်တန်းလုံခြုံရေးလက်ထောက်အား ဝါရှင်တန်သို့သွားရောက်ရန်စေလွှတ်ခဲ့ကြောင်းသိရသည်။

မွန်သည်အဘယ်ကြောင့်အမေရိကန်၏ (THAAD)ဒုံးကျည်ကာကွယ်ရေးစနစ်အတွက် နောက်ထပ်ဒုံးကျည်ပစ်လွှတ်သည့် လောင်ချာလေးခုထပ်မံဖြန့်ကြက်ထားမှုနှင့်ပတ်သက်၍၎င်း၏ရုံးတော်သို့ သတင်းပေးပို့ခြင်းမရှိခဲ့သည်ကို ယခုတစ်ပတ်အတွင်း စုံစမ်းရန် အမိန့်ပေးအပ်ခဲ့သည်။

သမ္မတသည် ၎င်း၏ရွေးကောက်ပွဲယှဉ်ပြိုင်မှုအတွင်း တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မည့်ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။

၎င်းအနေဖြင့် ယခုလတွင်အမေရိကန်သမ္မတထရန့်နှင့် ပြုလုပ်မည့်ထိပ်သီးစည်းဝေးပွဲအတွက် ပြင်ဆင်လျက်ရှိနေချိန်တွင် ဒုံးကျည်ကာကွယ်ရေးစနစ် နောက်ဆုံးဖြန့်ကြက်ထားမှုနှင့် ပတ်သက်၍ ရုံးတော်ကပြောကြားခြင်းမရှိသည့်အတွက် အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ဒုစရိုက်အဖွဲ့အစည်းများ၏ အဓမ္မခိုင်းစေမှုမှ ကလေးငယ် ၂၂ ဦးကို ကယ်ထုတ်ပေးနိုင်ခဲ့

**မာနာဂွါ ဇွန် ၁**
ကလေးငယ်များအား အဓမ္မခိုင်းစေသည့် အဖွဲ့အစည်းထံမှ ကလေးငယ် ၂၂ဦးကို ကယ်ထုတ်ပေးနိုင်ခဲ့ပြီး သံသယရှိသူ ရှစ်ဦးကိုဖမ်းဆီးနိုင်ခဲ့ကြောင်း ဂွာတီမာလာနိုင်ငံရဲတပ်ဖွဲ့ကမကြာသေးမီက ထုတ်ပြန်ကြေညာလိုက်သည်။

ဂွာတီမာလာမြို့တော်တွင် လျှပ်တစ်ပြက်ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ကလေးငယ်များအား တရားမဝင်အဓမ္မခိုင်းစေသည့်အဖွဲ့အစည်းများကို တိုက်ဖျက်ခဲ့ကြောင်း၊ ကလေးငယ်အများစုမှာ ဆင်းရဲနွမ်းပါးသည့် ကျေးရွာများမှဖြစ်ကြောင်း၊ ဒုစရိုက်အဖွဲ့အစည်းများအနေဖြင့် ကလေးငယ်များအား အစားအသောက်နှင့် တည်းခိုရာနေရာပေးမည်ဟုပြောကာ မြို့ပေါ်သို့ လိမ်လည်ခေါ်ဆိုခဲ့ကြောင်း၊ သို့သော်လည်း လက်တွေ့တွင် ကလေးငယ်များအား တစ်ရက်လျှင် ၁၈ နာရီကြာ ခိုင်းစေခဲ့ကြောင်း၊ ဆိုးရွားသည့် အစားအသောက်များ စားသုံးစေခဲ့ကြောင်း၊ လုပ်ခလစာအနေဖြင့် အလွန်နည်းပါးစွာပေးခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။




ကလေးငယ်များအား တရားမဝင်ခိုင်းစေမှုသည် ဂွာတီမာလာကဲ့သို့သော အမေရိကတိုက်အလယ်ပိုင်းရှိနိုင်ငံများတွင် လွန်စွာများပြားကြောင်း၊ ဂွာတီမာလာတွင် လူဦးရေ ၁၅ သန်းခန့်ရှိရာ ၄၂ ရာခိုင်နှုန်းသော လူများသည် တောတွင်း နေထိုင်ကြသူများဖြစ်ပြီး လွန်စွာဆင်းရဲနွမ်းပါးကြောင်း၊ မိဘများအနေဖြင့် အရွယ်မရောက်သေးသည့် ကလေးငယ်များကို ကျောင်းထွက်စေပြီး အိမ်သုံးစရိတ်အတွက် ရှာဖွေစေခဲ့ကြောင်း၊ အများစုသောကလေးများသည် ဒုစရိုက်အဖွဲ့အစည်းများ၏ ထိန်းချုပ်မှုကိုခံရပြီး အလွန်ပင်ပန်းသည့်အလုပ်များကို အဓမ္မခိုင်းစေခံရကြောင်း ဒေသတွင်းသတင်းမီဒီယာများတွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**

## တူရကီစစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းပျက်ကျ ၁၃ ဦးသေဆုံး

**အန်ခါရာ ဇွန် ၁**
တူရကီနိုင်ငံစစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ဆာနက်ခ်ပြည်နယ် အရှေ့တောင်ပိုင်းဒေသတွင် ယမန်နေ့က ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်တွင်လိုက်ပါလာသည့် လူ ၁၃ ဦးစလုံးသေဆုံးခဲ့ရကြောင်း သိရသည်။

ဒေသစံတော်ချိန် ၂၀း၅၅ နာရီခန့်တွင်း စစ်ဘက်ဆိုင်ရာရဟတ်ယာဉ်သည် ဆာနက်ခ်ပြည်နယ်မှ စတင်ပျံသန်းပြီးနောက် ဗို့အားမြင့် လျှပ်စစ်ဓာတ်ကြိုးနှင့်တိုက်မိပြီး မီးလောင်ကျွမ်းခဲ့ကာ လူ ၁၃ ဦးစလုံးသေဆုံးခဲ့ကြောင်း တူရကီနိုင်ငံအစိုးရတပ်ဖွဲ့ ညွှန်ကြားရေးဌာနချုပ်က သတင်းထုတ်ပြန်ကြေညာခဲ့သည်။

တူရကီနိုင်ငံကာကွယ်ရေးဝန်ကြီး ဖစ်ခရီအစ်စက်နှင့် အစိုးရတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့သည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ညွှန်ကြားဆောင်ရွက်လျက်ရှိကြောင်း ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြထားသည်။
**(ဆင်ဟွာ)**

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၄)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၁**

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေအတွင်းရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပရာ **(ယာပုံ)** နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မင်္ဂလာဒုံမြို့နယ် ကံသုံးဆင့်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဩဝါဒကထာမြွက်ကြားပြီး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းက (၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆောင်ရွက်ရန်လုပ်ငန်းများလျှောက်ထားပြီး ကြွရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ၊ ဌာနဆိုင်ရာများက ဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရက နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားသည်။

**(သတင်းစဉ်)**



# ၂၀၁၇-၂၀၁၈ တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းသား ကျောင်းသူ ကိုးသိန်းကျော် တက်ရောက်ပညာသင်ကြား

**ရန်ကုန် ဇွန် ၁**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ယနေ့ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး အတွင်း ကျောင်းသား ကျောင်းသူပေါင်း ၉၁၄၈၃၈ ဦးတို့သည် ယနေ့ နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာ အခြေခံပညာကျောင်းအသီးသီးတွင် ပျော်ရွှင်စွာတက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ယနေ့တက်ရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၁၄၈၃၈ ဦးတို့အနက် အခြေခံပညာ အထက်တန်းတွင် ကျောင်းသား ကျောင်းသူပေါင်း ၁၃၁၂၂၆ ဦး၊ အလယ်တန်းတွင် ၃၃၂၉၀၀၊ KG သီးသန့် ၇၉၅၉၆ ဦးအပါအဝင် မူလတန်းတွင် ၄၅၀၇၁၂ ဦးတို့ ပါဝင်ကြောင်း သိရသည်။ ယခုနှစ် ပညာသင်နှစ် ပထမတန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ အနုပညာ(ပန်းချီ)နှင့် အနုပညာ(ဂီတ) စသည့် ဘာသာရပ် ၁၀ ခုဖြင့် သင်ရိုးပြောင်းလဲ သင်ကြားပေးလျက်ရှိသည်ကို တွေ့ရသည်။

ယမန်နှစ် ပညာသင်နှစ်က KG သင်ရိုးညွှန်းတမ်းကို ကဗျာရွတ်ဆိုခြင်း၊ သီဆိုကခုန်ခြင်း၊ ပန်းချီဆွဲခြင်း၊ ရုပ်ပုံကားချပ်များ အရောင်ခြယ်ခြင်း၊ ဝိုင်းဖွဲ့ကစားခြင်းများ အပါအဝင် သင်ကြားမှုနယ်ပယ်ကြီး ခြောက်ရပ်ဖြင့် ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းအေးက "လက်ရှိ အလက (၁) ဒဂုံရဲ့ ကျောင်းအုပ်မရှိတဲ့အတွက် တာဝန်ခံကျောင်းအုပ်အနေနဲ့ လာပြီး တာဝန်ထမ်းဆောင်နေပါတယ်။ ဇွန် ၁ ရက် ကျောင်းဖွင့်တဲ့အခါ အဆင်သင့်ဖြစ်အောင် ကျောင်းသန့်ရှင်းရေးအစ ခုံတွေအားလုံးကို ဆရာမတွေက မေ ၁၅ ရက်က လာပြီး ကျောင်းရဲ့ လိုအပ်ချက်တွေ အကုန်လုံး ဖြည့်ဆည်းထားပါတယ်။ သင်ရိုးအနေနဲ့ KG တန်းကို မနှစ်ကတည်းက ပြောင်းထားပြီးပါပြီ။ ဒီနှစ်က ပထမတန်းကို ပြောင်းထားပါတယ်။ ဆရာမတွေကိုလည်း တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့်ဆိုပြီး ဆရာမတွေကို သင်တန်းတွေ ပေးထားပြီးဖြစ်ပါတယ်။ ကျောင်းက ဆရာ ဆရာမတွေကလည်း သင်တန်းတွေတက်ထားပါတယ်" ဟု ပြောသည်။

"ကျောင်းအပ်နှံရေးနေ့မှာ မူလတန်းအဆင့်မှာ အကုန်လုံးအခမဲ့ပေးထားပါတယ်။ ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်၊ ဝတ်စုံပေးပါတယ်။ အလယ်တန်းမှာ ပုံနှိပ်စာအုပ်တွေ အခမဲ့ပေးပါတယ်။ အခြေခံပညာဦးစီးဌာနက ကျောင်းစာအုပ်ပံ့ပိုးပေးထားတယ်။ လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပါတယ်။ ဒီပတ်ဝန်းကျင်တစ်လျှောက် ကျောင်းမနေတဲ့ကလေး မရှိသလောက်ပါဘဲ။ ကျောင်းအပ်တဲ့အခါမှာလည်း မိဘတွေ ကုန်ကျစရိတ်မရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ ကျောင်းအပ်ရာမှာလည်း အခြေခံက ချထားတဲ့မူနဲ့ ကိုက်ညီအောင် လုပ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

ဒဂုံမြို့နယ် အလက(၁)မှ ပထမတန်းပြဆရာမ ဒေါ်စိန်စိန်မြင့်က "သင်ရိုးပြောင်းလိုက်တဲ့အတွက် ကလေးတွေအတွက် အရင်တုန်းကထက်စာရင်တော့ သင်ခန်းစာ နည်းသွားတယ်။ ကလေးတွေအတွက် ဖိအားမရှိတော့ဘူးပေါ့။ အရင်တုန်းက စာတွေအလွန်များတယ်။ အခုက စာထက် လက်တွေ့လုပ်ငန်းက များလာတယ်။ များလာတဲ့အတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ သုံးခုက ပုံမှန်လေးသွားမယ်။ ကျန်တဲ့ဘာသာတွေအတွက် ကလေးတွေ နှစ်ယောက်တွဲလုပ်ငန်း၊ လေးယောက်တွဲလုပ်ငန်းအုပ်စုဖွဲ့ပြီးတော့ လုပ်ငန်းတွေကို လက်တွေ့လုပ်ပြီး အဲဒီနောက်ဆုံးရလဒ်ကို ကလေးတွေကိုယ်တိုင် သူတို့လုပ်ပြီး သိသွားမယ်။ သူတို့ဘဝတစ်သက်တာမှာ အရင်တုန်းက စာထဲမှာပဲ ကလေးတွေက ခေါင်းမဖော်နိုင်ဘူး။ တစ်ဘာသာပြီး တစ်ဘာသာရေးပြီး ကျက်ပေါ့။ ဒါမေးမယ်၊ ဒါရအောင်ကျက်၊ ဒါဖြေ၊ အဲဒါမျိုးပေါ့"ဟု ပြောသည်။

ဆက်လက်၍ "အခုဟာတော့ အထူးသဖြင့် ဘဝတစ်သက်တာ၊ စာရိတ္တကို လူမှုရေးဘာသာတို့၊ အနုပညာမှာလည်း ပန်းချီ၊ ဂီတပါမယ်။ ကာယလည်းပါတယ်။ အဲဒါအားလုံးအတွက် ကလေးတွေအားလုံး လက်တွေ့လုပ်ရမယ်။ ပန်းချီကိုယ်တိုင်ဆွဲရမယ်။ ကိုယ့်စိတ်ကူးနဲ့ဆွဲမယ်။ လက်တွေ့လုပ်ရတာဖြစ်တဲ့အတွက် ကလေးတွေက ဘာသာရပ်တိုင်း အနည်းနဲ့အများ စိတ်ဝင်စားလာမှာပဲ၊ ဘာသာရပ်တိုင်းက သူ့အတွက် အခြေခံတွေရသွားပါမယ်။ ရှေ့လျှောက်ကောင်းသွားမယ်။ တစ်နေ့တာ လုပ်ငန်းကို ဆရာမအကဲဖြတ်မှာပါ။ စာမေးပွဲမရှိပါဘူး။ အဆင့်(၃) ဆင့်နဲ့ သွားမှာပါ။ အခုပြောင်းလဲလိုက်တာ ကလေးအတွက်ရော၊ ဖြန့်ဝေသူ ဆရာမတွေအတွက်ရော အလွန်ကောင်းတဲ့စနစ်တစ်ခုဖြစ်ပါတယ်။ အားလုံးတစ်ပြေးညီသွားမှာပါ။ ကလေးတွေရော မိဘတွေအတွက်ပါ အကောင်းဆုံးဖြစ်သွားမှာပါ" ဟု ၎င်းက ပထမတန်းသင်ရိုးညွှန်းတမ်းနှင့်စပ်လျဉ်း၍ သုံးသပ်ပြောကြားသည်။

ကျောင်းသားမိဘတစ်ဦး ဖြစ်သူ ဒေါ်အက်စ်လုဂျာက "အလက(၁)ဒဂုံ KG တန်းမှာတက်ရောက်နေတဲ့ မအက်စ်ကော့ရာနှင့် မအက်စ်ဘောက်ဂျာတို့ရဲ့ အုပ်ထိန်းသူပါ၊ အမြွှာသမီးလေးတွေ KG တန်းမှာ သက်သောင့်သက်သာနဲ့ ပညာသင်ယူရမှာဖြစ်တာကြောင့် အဆင်ပြေမှာပါ။ ကလေးတွေကလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ သင်ယူကြပါတယ်၊ ကလေးတွေအတွက်လည်း ကောင်းပါတယ်။ အခမဲ့ပညာရေးစနစ်ကို ကြိုက်ပါတယ်။ ကျောင်းဝင်ကြေး မပေးရတဲ့အတွက် ကောင်းပါတယ်"ဟု ဆိုသည်။

ဒဂုံမြို့နယ် အလက(၁)မှ စတုတ္ထတန်းကျောင်းသား မောင်မျိုးပြည့်ဦးက "သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရမယ်၊ သင်ခန်းစာအသစ်တွေသင်ရမယ်၊ အဲဒီအတွက် ပျော်တယ်။ ဆရာ ဆရာမတွေ သင်ကြားတာကိုဂရုစိုက်ပြီး စာကြိုးစားမယ်။ တခြား ကျောင်းသား ကျောင်းသူတွေလည်း ကျောင်းတက်ရတာ ပျော်ကြမယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

နိုင်ငံတော်က ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့ကို အခမဲ့ပညာရေးစနစ် သတ်မှတ်ထားရာ ငွေကြေးကုန်ကျမှုမရှိစေရန် ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်၊ ဗလာစာအုပ်များကိုပါ အခမဲ့ဖြန့်ဝေလျက်ရှိပြီး ကျောင်းဝင်ကြေးများလည်း ပေးဆောင်ရန် မလိုတော့ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**



ဒေါ်သန်းသန်းအေး



ဒေါ်စိန်စိန်မြင့်



ဒေါ်အက်စ်လုဂျာ



မောင်မျိုးပြည့်ဦး

# မောင်တောနှင့်ဘူးသီးတောင်မြို့ပေါ်ရှိ စာသင်ကျောင်းများဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား

**မောင်တော ဇွန် ၁**

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် စာသင်ကျောင်းတချို့ ပျက်စီးမှုရှိခဲ့သော်လည်း ယနေ့ ဇွန် ၁ ရက် ကျောင်းဖွင့်ချိန်တွင် မောင်တောနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ စာသင်ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"မြို့ပေါ်က စာသင်ကျောင်းတွေအကုန်လုံး ကျောင်းဖွင့်လှစ်နိုင်ခဲ့တယ်။ ကျောင်းသား ကျောင်းသူတွေလည်း ကျောင်းလာတက်နေကြပြီ။ မြို့ပေါ်မှာ မုန်တိုင်းကြောင့် စာသင်ကျောင်းတချို့ ပျက်စီးခဲ့ပေမယ့် ကျောင်းအုပ်ဆရာကြီးတွေက တာဝန်သိသိနဲ့ ပျက်စီးတာတွေ ကြိုတင်ပြင်ဆင်ခဲ့လို့ ဒီနေ့ မြို့ပေါ်ကျောင်းတွေ အကုန်ဖွင့်လှစ်နိုင်ခဲ့တယ်"ဟု ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

ဘူးသီးတောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းတွင် တက်ရောက်ပညာသင်ကြားနေသည့် မခင်ရတနာကြည်က "ဒီနေ့ ကျောင်းစဖွင့်တဲ့နေ့မှာ သူငယ်ချင်းတွေ စုံစုံလင်လင် ကျောင်းတက်ကြတယ်။ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရတော့ ဝမ်းသာတယ်။ ဖတ်စာအုပ်တွေလည်း ကျောင်းက အကုန်အခမဲ့ပေးပါတယ်"ဟု ပြောသည်။



ဘူးသီးတောင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ ဆရာမဦးရေ ၈၀ ကျော်၊ ကျောင်းသား ကျောင်းသူဦးရေ ၂၀၀၀ နီးပါးခန့်ရှိပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် အဆိုပါ စာသင်ကျောင်း သွပ်မိုးများ ပြုတ်ကျလန်ထွက်ခဲ့သော်လည်း ကျောင်းဖွင့်ချိန်အမီ ပြုပြင်နိုင်ခဲ့ခြင်းကြောင့် ကျောင်းဖွင့်လှစ်နိုင်ခဲ့ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်ဇံက ပြောသည်။

မုန်တိုင်းကြောင့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ် ကျေးရွာများရှိ ပျက်စီးခဲ့သည့် စာသင်ကျောင်းများအား ကျောင်းအချိန်မီ ဖွင့်လှစ်နိုင်ရန် စာသင်ကျောင်းအဆောက်အအုံများကိုလည်း ပြင်ဆင်လျက်ရှိကြောင်း မောင်တောခရိုင်ပညာရေးမှူးရုံးက သိရသည်။

မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် စာသင်ကျောင်းပေါင်း ၄၀၄ ကျောင်းရှိပြီး ဆရာ ဆရာမ အင်အား နှစ်ထောင်ကျော်နှင့် KG တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူဦးရေ တစ်သိန်းခွဲခန့်ရှိကြောင်း စစ်တွေ မြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွန်း**

# ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများသို့ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်

**စစ်တွေ ဇွန် ၁**

ရခိုင်ပြည်နယ်အတွင်း မေ ၂၉ ရက်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း မိုရာ တိုက်ခတ်ပြီးနောက် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များ၌ ဖြစ်ပေါ်နေသော အမှိုက်သရိုက်များ၊ ကျိုးကျနေသော သစ်ပင်သစ်ကိုင်းများအား စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မေ ၃၁ ရက်၌ ပူးပေါင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် မုန်တိုင်းဒဏ်ခံရသော စစ်တွေမြို့ရှိ ဒေသခံတိုင်းရင်းသားများအား ထောက်ပံ့ရန်အတွက် တပ်မတော်လေယာဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေလေဆိပ်သို့ ရောက်ရှိခဲ့ပြီး အဆိုပါ ထောက်ပံ့ပစ္စည်းများအား မုန်တိုင်း ဒဏ်သင့် ဒေသများသို့ ဆက်လက်ပေးပို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**



# မိုရာမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများအား နယ်မြေခံတပ်မတော်သားများမှ ကူညီဆောင်ရွက်

**အမ်း ဇွန် ၁**

ရခိုင်ပြည်နယ်အတွင်း မိုရာမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် စာသင်ကျောင်း အမိုးများပျက်စီးခြင်းနှင့် သစ်ပင်များလဲကျနေမှုများကို မေ ၃၁ ရက် နံနက်ပိုင်းက နယ်မြေခံတပ်မတော်သားများက ပြုပြင်ရေးလုပ်ငန်းများနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့သည်။

မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲမြို့တို့ရှိ စာသင်ကျောင်းများတွင် မုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် စာသင်ကျောင်းခေါင်မိုးများ ပျက်စီးနေမှုကို ပြန်လည် ပြုပြင်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့ပျက်စီးနေမှုများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဝပ်နေသော ရေအိုင်များအား ဖောက်ထုတ်ရှင်းလင်းခြင်းနှင့် ဒေသခံ ကျောင်းသား ကျောင်းသူများ ဇွန် ၁ ရက်တွင် အချိန်မီကျောင်းတက်ရောက်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများအား နယ်မြေခံ တပ်မတော်သားများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သာကေတမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော နှစ်လောင်းပြိုင်လူသတ်မှုမှ အမှုမှန်ဖော်ထုတ်ရရှိ

**ရန်ကုန် ဇွန် ၁**

သာကေတမြို့နယ် (၁၀/တောင်)/ ၁၄ ရပ်ကွက် ရွှင်းသာလမ်းမကြီး မြရည်နန္ဒာ အိမ်ရာဝင်း (လုံးချင်းအိမ်ရာ)ရှိ အမှတ်(၈) နေအိမ်တွင် ဇွန် ၁ ရက် နံနက် ၈ နာရီ ခန့်က VICTOR RAJ (၄၈ နှစ်)နှင့် ၎င်း၏ဇနီးဖြစ်သူ မခိုင်စပယ်နှင်းအောင် (၃၁ နှစ်)တို့ သေဆုံးနေကြောင်း မခိုင်စပယ်နှင်းအောင်၏ ဖခင်ဖြစ်သူ၏ တိုင်တန်းချက်အရ သာကေတမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်မှ တပ်ဖွဲ့ဝင်များ၊ မှုခင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)တို့ပူးပေါင်း၍ စုံစမ်းစစ်ဆေးခဲ့ရာ သေဆုံးသူ VICTOR RAJ သည် အလုပ်အကိုင် ခုနစ်ကြိမ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြီး လက်ရှိတွင် အလုပ်အကိုင်မရှိဘဲ အခြားသူများကို အကြွေးများ မြောက်မြားစွာ ပေးဆပ်ရန်ရှိနေသည့်အပြင် ၎င်းဇနီးဖြစ်သူကိုလည်း ငွေကျပ် သိန်း ၅၀ ပေးရန်ရှိကြောင်းသိရသည်။



အခင်းဖြစ်ရာ၌တွေ့ရှိရသည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်

စုံစမ်းဖော်ထုတ်ချက်အရ VICTOR RAJ နှင့် ဇနီး မခိုင်စပယ်နှင်းအောင်တို့သည် မေ ၃၁ ရက်က သေဆုံးသူ၏နေအိမ်၌ မခိုင်စပယ်နှင်းအောင်၏ ညီမဝမ်းကွဲ တော်စပ်သူ မခိုင်နှင်းဝေ၊ အိမ်အကူမခွဲနှင့် ဒေါ်ခင်ဆွေတင့်၊ လုံခြုံရေးဝန်ထမ်း ဦးအုန်းမြင့်တို့ ရှိနေပြီး သေဆုံးသူ VICTOR RAJ သည် ပြင်ပသို့ထွက်ခွာသွားခြင်း မရှိကြောင်း၊ မခိုင်စပယ်နှင်းအောင်သည် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် နေအိမ်သို့ပြန်လည်ရောက်ရှိလာပြီး နေအိမ်အောက်ထပ်ရှိ ၎င်း၏အိပ်ခန်းအတွင်းသို့ ဝင်သွားခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီ၌ VICTOR RAJ သည် ခြံဝင်းအတွင်းမှ နေအိမ်အတွင်းသို့ ဝင်သွားခဲ့ကြောင်း၊ ည ၇ နာရီခန့်တွင် ညီမဝမ်းကွဲတော်စပ်သူ မခိုင်နှင်းဝေက အစ်မဖြစ်သူ မခိုင်စပယ်နှင်းအောင်မှာ အပြင်သို့ထွက်မလာ၍ အိပ်ခန်းတံခါးကိုသွားခေါက်ရာ အတွင်းမှ မည်သည့်အသံမျှ မကြားရသဖြင့် ၎င်း၏ဖုန်းကိုခေါ်ဆိုရာ လက်ခံဖြေကြားခြင်း မရှိကြောင်း သိရှိရသည်။

အခင်းဖြစ်ရပ်တွင် တွေ့ရှိသည့် တူနှင့်ဓားမအား သေဆုံးသူ VICTOR RAJ သည် မေ ၃၀ ရက်က Capital Hyper Market မှ ၎င်းကိုယ်တိုင်ဝယ်ယူခဲ့ကြောင်း၊ Capital Hyper Market ၏ CCTV မှတ်တမ်း အထောက်အထားများနှင့် ငွေရှင်း ပြေစာဘောက်ချာမှတ်တမ်း အထောက်အထားများရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူ VICTOR RAJ သည် မသေဆုံးမီက Capital Hyper Market မှ တူနှင့် ဓားမဝယ်ယူခဲ့ခြင်း၊ ပေးဆပ်ရန် အကြွေးများရှိနေခြင်း၊ ဒဏ်ရာများတွင်လည်း မိမိကိုယ်မိမိ သတ်သေရန်ရည်ရွယ်၍ ဝဲ/ယာ လက်ကောက်ဝတ်တွင် သွေးပြန်ကြောလှီးဖြတ်ဒဏ်ရာ တစ်ချက်စီ တွေ့ရှိရသည့်အပြင် ဇနီးဖြစ်သူ၏ ဒဏ်ရာတွင်လည်း တူဖြင့်ထုသည့် ချိုင့်ဝင်ဒဏ်ရာတွေ့ရှိရသောကြောင့် VICTOR RAJ သည် ဇနီးဖြစ်သူအား ၎င်းဝယ်ယူခဲ့သည့် တူနှင့်ဓားကိုအသုံးပြုကာ သတ်ပြီးနောက် ၎င်းကိုယ်တိုင်လည်း မိမိကိုယ်မိမိ သတ်သေခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်အပြင် နေအိမ်အဝင်တံခါးမကြီး၊ ခြံဝင်းတံခါးနှင့် ခြံစည်းရိုးလုံခြုံရေးအတွက် တပ်ဆင်ထားသည့် CCTV ကင်မရာလေးလုံးကို မေ ၃၁ ရက် နံနက် ၆ နာရီမှ ဇွန် ၁ ရက် နံနက် ၈ နာရီအထိ စစ်ဆေးချက်မှတ်တမ်းအရ လည်းကောင်း၊ လုံခြုံရေးဝန်ထမ်းဖြစ်သူ ဦးအုန်းမြင့်၏ပြောပြချက်အရ လည်းကောင်း နေအိမ်ခြံဝင်းအတွင်း ဝင်၊ ထွက်သွားလာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

အမှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က သက်သေအထောက်အထား ခိုင်လုံစွာရရှိရန် ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ လမ်းလျှောက်စကားပြောစက် အလုံး ၄၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁**

မောင်တောမြို့နယ် ဇီးပင်ချောင်းစခန်းမှ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ယမန်နေ့ ညနေပိုင်းက ချောင်းကုလားမြောက်ရွာရှိ နေအိမ်တစ်လုံးမှ စကားပြောစက် အလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၄ နာရီခန့်က ချောင်းကုလားမြောက်ရွာနေ မော်လဝီဘော်နီဂိုအာမီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စကားပြောစက်အလုံး ၄၀၊ ဘက်ထရီ ၃၆ ခု၊ အားသွင်းအခု ၄၀၊ စက္ကူဘူး ၁၀ ဘူးကို သိမ်းဆည်းရမိခဲ့ပြီး အိမ်ရှင် မော်လဝီဘော်နီဂိုအာမီမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအား လူ ၃၀ ခန့်က ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဇွန် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းပြင်ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးအား မေ ၂၉ ရက် ညပိုင်းက တုတ်၊ ဓားများကိုင်ဆောင်ထားသည့် အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

မောင်တောမြို့နယ် ရေတွင်းပြင်ကျေးရွာအုပ်စု ရေတွင်းပြင်ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ရှောင်ရူးအာလောင်(ခ)ကျော်ဆွေသည် နေအိမ်တွင် ယောက္ခမ၊ သမက်ဖြစ်သူတို့နှင့် အတူရှိနေစဉ် မေ ၂၉ ရက် ည ၁၁ နာရီခန့်တွင် တုတ်၊ ဓားများကိုင်ဆောင်ထားသည့် မျက်နှာဖုံးစွပ် လူ ၃၀ ခန့်က နေအိမ်တံခါးများချိုးဖျက်ပြီး ရှောင်ရူးအာလောင်အား ရိုက်နှက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင်လိုက်ပါသူသုံးဦးနှင့် လိုက်ပါပို့ဆောင်သူတို့အား တောင်ကုတ်မြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် တောင်ပုံကြီးစစ်ဆေးရေးဂိတ်၌ မေ ၃၀ ရက် ညပိုင်းက ရန်ကုန်မြို့သို့ တရားမဝင်သွားရောက်မည့်သူသုံးဦးနှင့် လိုက်ပါ ပို့ဆောင်သူ တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၃၀ ရက် ည ၁၀ နာရီခန့်က တောင်ကုတ်မှ ရန်ကုန်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်အားစစ်ဆေးရာ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံးကယ်ဆယ်ရေးစခန်းမှ မချိုချိုဝင်း(ခ) ရိုရှီတာ (၂၄နှစ်)နှင့် သားဖြစ်သူ ထက်ကျော်လင်း (၆နှစ်)၊ သမီးဖြစ်သူ လင်းလင်းရည်ဝင်း (၃နှစ်) တို့အား ကျောက်ဖြူမြို့နေသူ ဦးလှသိန်းက အခကြေးငွေ ခုနစ်သိန်းရယူ၍ ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသည်။ **( သတင်းစဉ်)**

# အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူနှစ်ဦးနှင့် မသင်္ကာသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ဆောင်ရွက်စဉ် မေ ၂၉ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့သည့် သရေကုန်းတန်း (အနောက်ရွာ)နေ အဒူရာမန်အား စစ်ဆေးရာမှ အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူနှစ်ဦးနှင့် မသင်္ကာသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ အဒူရာမန်အား စစ်ဆေးချက်အရ ၎င်းသည် လေယာဉ်ကွင်းကျေးရွာမှ ရာအိမ်မှူးနှစ်ဦးအား လုပ်ကြံသတ်ဖြတ်ရန် စီစဉ်နေကြောင်း၊ လွန်ခဲ့သော ခြောက်လခန့်ကတည်းက တစ်ရွာတည်းနေ ဂျော်ဒီဟူဆော၏နေအိမ်တွင် ၎င်းတို့အဖွဲ့ဝင် ၁၂ ဦးသည် အကြမ်းဖက်သင်တန်းများ သင်ကြားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ နံနက်ပိုင်းက သရေကုန်းတန်း (အနောက်ရွာ)မှ အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူများ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ရှော်ရှီးဒူးလ္လာ(ခ) ရှော်ရိုတူလ္လာနှင့် ဖူတူးယာ(ခ) အေနာတူလ္လာတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးစဉ် ထွက်ပြေးသူ ဆော်လီမူလာ အပါအဝင် မသင်္ကာသူငါးဦးအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူများ၏ နေအိမ်အတွင်းမှ အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန် နှစ်ချောင်းနှင့် အရိုးအသွား သုံးပေကျော်ခန့်ရှိ ဓားရှည် တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ငွေကျပ် သိန်း ၃၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**စစ်တွေ ဇွန် ၁**

စစ်တွေမြို့ လမ်းမတော်မြောက်ရပ်ကွက် ဦးစောဖြူစက်အဝင်ဝ၌ အမျိုးသမီးတစ်ဦး မူးယစ်ဆေးဝါးရောင်းချဖြန့်ဖြူးရန် ရောက်ရှိနေကြောင်း မေ ၃၁ ရက် ည ၉ နာရီ မိနစ် ၅၀ က သတင်းရရှိသဖြင့် စစ်တွေနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်မြင့်ဦး ဦးစီးသည့်အဖွဲ့ ငါးဦးတို့သည် လမ်းမတော်မြောက်ရပ်ကွက် ဦးစောဖြူစက်အဝင်ဝသို့ သွားရောက်ခဲ့ရာ ယင်းနေရာတွင် မမြင့်မြင့်သန်း (၃၇ နှစ်) ဆပ်ရိုးကျရပ်ကွက်(ကယ်ဆယ်ရေး) စစ်တွေမြို့နေသူအား တွေ့ရှိခဲ့သည်။ ၎င်းကိုင်ဆောင်ထားသော လက်ဆွဲအိတ်အားစစ်ဆေးရာ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၊ ကာလတန်ဖိုး ငွေကျပ် ၂၁၀၀၀၀၀၀ ခန့်အား ဖမ်းဆီးသိမ်းဆည်းခဲ့ပြီး ၎င်းအား ဆက်လက်စစ်ဆေးရာ နေအိမ်အပေါ်ထပ်နံရံအနီးမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၃၂၀ ကာလတန်ဖိုးငွေကျပ် ၉၉၆၀၀၀၀ ခန့်အား ထပ်မံဖမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ မြင့်မြင့်သန်းအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၁)

# ပြည်သူနှင့်အတူ တရားဥပဒေ

ဦးဟန်ညွန့် (ဥပဒေ)





အများပြည်သူ သို့မဟုတ် ပြည်သူဆိုသည်တွင် အများပြည်သူတို့အနက် မည်သည့်အမျိုးအစားမဆို သို့မဟုတ် ပြည်သူဆိုသည်တွင် အများပြည်သူတို့အနက် မည်သည့်အမျိုးအစားမဆို သို့မဟုတ် မည်သည့်လူမျိုးစုမဆို ပါဝင်သည်ဟု ရာဇသတ်ကြီးပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းသည်။

**အများပြည်သူဆိုင်ရာနေရာ**

အများပြည်သူဆိုင်ရာနေရာဆိုသည်မှာ အများပြည်သူတို့ဝင်ထွက်သွားလာခွင့်ရှိသော နေရာ၊ လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်နှင့် လမ်းကြောင်းတို့ကိုဆိုသည်။
[မော်တော်ယာဉ်ဥပဒေပုဒ်မ -၂ (ခ)]

**ရာဇဝတ်ကျင့်ထုံး၏ ပြဋ္ဌာန်းချက်**

အများပြည်သူဆိုင်ရာနေရာ (Public Place) ဟုဆိုရာတွင် အစိုးရပိုင်မြေ၊ စခန်းချသည့် မြေယာ၊ မြေကွက်မှစ၍ ကျန်းမာမှု သို့မဟုတ် အပန်းဖြေမှုများအတွက် ချန်လှပ်ထားသည့်မြေယာ၊ မြေကွက်များလည်း ပါဝင်သည်ဟု ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၃၃ (၂) ရှင်းလင်းချက်တွင် ဖော်ပြသည်။

**အများပျော်ရွှင်ရေးအလုပ်ဌာန**

အများပျော်ရွှင်ရေးအလုပ်ဌာနဆိုသည်မှာ-

ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကလပ်၊ ဧည့်ခံဖျော်ဖြေပွဲများကျင်းပသည့် ခန်းမ၊ ဗီဒီယိုရုံ၊ ကာရာအိုကေရုံ၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ် စနစ်အသုံးပြုသည့် ကစားရုံများ၊ အပန်းဖြေကစားကွင်း ပန်းခြံ၊ ဥယျာဉ်၊ ကလေးကစားကွင်းတို့ကိုဆိုသည်။
[ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေပုဒ်မ ၂(ဂ)]

**အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း**

အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆိုသည်မှာ- အောက်ဖော်ပြပါလုပ်ငန်းများကိုဆိုသည်-

(၁) သယ်ယူပို့ဆောင်ရေးလုပ်ငန်း
(၂) ဆိပ်ကမ်းလုပ်ငန်းနှင့် ဆိပ်ကမ်းကုန်တင် ကုန်ချလုပ်ငန်း
(၃) စာတိုက်၊ တဲလက်စ် သို့မဟုတ် ဖက်စ်လုပ်ငန်း
(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာလုပ်ငန်း
(၅) အများပြည်သူအတွက် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးသည့်လုပ်ငန်း
(၆) အညစ်အကြေး သိမ်းဆည်းရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း
(၇) အများပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် လောင်စာစွမ်းအင်ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသည့် လုပ်ငန်း
(၈) အများပြည်သူဆိုင်ရာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း
(၉) ပြည်ထောင်စုအစိုးရက အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်း [အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂ (ဆ) ]

**ပြည်သူဆိုင်ရာ အသုံးအနှုန်းများ**

အောက်ပါတို့သည် ပြည်သူဆိုင်ရာ အသုံးအနှုန်းများ ဖြစ်ကြသည်။ (အချို့)ကိုသာ ကောက်နုတ်တင်ပြခြင်းပါ။

-PUBLIC AUTHORITIES - ပြည်သူ့အာဏာပိုင်များ
-PUBLIC PARLIAMENT -ပြည်သူ့လွှတ်တော်
-PUBLIC MEETING -အများပြည်သူအစည်းအဝေး
-PUBLIC ORDER -ပြည်သူ့ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေး
-PUBLIC PROPERTY- ပြည်သူပိုင်ပစ္စည်း
-PUBLIC MISCHIEF -ပြည်သူ့အကျိုးဖျက်ဆီးမှု
-PUBLIC POLICY - ပြည်သူ့အကျိုးပြုမူဝါဒ
-PUBLIC RECORDS -အများပြည်သူနှင့် သက်ဆိုင်သော မှတ်တမ်းများ
-PUBLIC JURIS -ပြည်သူ့အခွင့်အရေးများ

**ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး**

မြန်မာ့တရားစီရင်ရေး စနစ်သည် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးစနစ် ဖြစ်သည်။ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်သည်။ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည်။ ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေး ပြီးပြတ်စေသည်။ အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်သည်။ ဤသို့သော တရားစီရင်ရေးမူများမှာ **ပြည်သူနှင့်အတူ** ဟူသော ဆောင်ပုဒ်ကို ထောက်ကူသည်။ ပြည်သူနှင့် မကင်းကွာရဟု ဆိုလိုရင်း ဖြစ်သည်။

**ပြည်သူတို့၏ ဆန္ဒအစစ်အမှန်**

ပြည်သူတို့၏ ဆန္ဒအစစ်အမှန်သည် အဘယ်နည်း။ တရားဥပဒေ၏ သဘောတရား၊ တရားဥပဒေစနစ်၏ လက်တွေ့ကျင့်သုံးမှု၊ အားသာချက်၊ အားနည်းချက်များ၊ တရားသူကြီး၊ ရှေ့နေ ရှေ့ရပ်များ၊ ရဲအရာရှိများ၊ ဥပဒေအထောက်အကူပြုသူများ စသည်ဖြင့် တာဝန်အသီးသီးရှိကြသည်။ လက်တွေ့ဘဝများက မည်သို့ထောက်ပြနေပါသလဲ။ မည်သို့အကောင်အထည်ဖော်နေကြပါသလဲ။ ပွင့်လင်းမြင်သာမှု၊ ဝေဖန်စောကြောမှု၊ စုပေါင်းညှိနှိုင်းအဖြေရှာမှုများဖြင့် တရားဥပဒေစိုးမိုးရေးအင်အား ရှေ့သို့တိုးပွားစေရမည်ဖြစ်ပေသည်။ ပြည်သူနှင့်အတူ ဝေဖန်ဆန်းစစ်နေရမည်ဖြစ်ပေသည်။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေး**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၆-၅-၂၀၁၇ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။ ခရိုင်နှင့်မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အသီးသီးတို့အား ခန့်ထား ဖွဲ့စည်းခြင်းလည်း ဖြစ်သည်။

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှုအခွင့်အရေးများရရှိစေရန်

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်

(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှုပိုမိုမြင့်မားလာစေရန် (ပုဒ်မ ၃အားအစားထိုးခြင်း) ပြင်ဆင်ပြဋ္ဌာန်းခဲ့ပေသည်။ **မူလဥပဒေအား ပိုမိုပြည့်စုံစေရန် ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။**

**စေတနာ**

(၁) တရားဥပဒေသည် တည်ငြိမ်ခြင်း၊ တရားမျှတခြင်းတို့ဖြင့် ပြည့်စုံပါပေသည်။

(၂) ပြည်သူတို့သည်လည်း ရိုးသားခြင်း၊ ခွင့်လွှတ်ခြင်း၊ အေးချမ်းခြင်းဘဝကို ခုံမင်မြတ်နိုးကြပါသည်။

(၃) ဤသို့ဆိုလျှင် ပြည်သူနှင့်အတူ တရားဥပဒေသည် ထပ်တူထပ်မျှ လူ့ဘောင်လောကကြီးအား တိုးတက်စေမည်ဟု တွေးမိသော ကျွန်တော်၏ စေတနာအတွေးမျှသာပါ....။

**မြန်မာ့တရားစီရင်ရေးစနစ်သည် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးစနစ် ဖြစ်သည်။ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်သည်။ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည်။ ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီး ပြတ်စေသည်။ အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်သည်။**

**ပြည်သူများပူးပေါင်းပါဝင်မှု**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပြည်သူများပူးပေါင်းပါဝင်မှု (Popular Participation ) ဟုဆိုရာတွင် လက္ခဏာသုံးရပ်ရှိကြောင်း သုတေသီများက ဖော်ထုတ်တင်ပြထားသည်။ ယင်းတို့မှာ-

**(၁)အကောင်အထည်ဖော်သူများအဖြစ်ပါဝင်မှု**

(Implementer or operator role)

-လယ်ယာမြေဖော်ထုတ်ရေး၊ ရေဘေးကာကွယ်ရေး၊ လမ်းဖောက်လုပ်ရေး၊ ဆည်မြောင်း ကန်ချောင်းများ တူးဖော်ရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူထုက ပါဝင်လုပ်အားပေး ဆောင်ရွက်ခြင်း

**၂။ နိုင်ငံတော်၏ ရေးရာကိစ္စအဝဝတွင် အဆုံးအဖြတ်ပေးရသည့် အဖွဲ့အစည်းအဆင့်ဆင့်၌ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခြင်း**

(decision -maker role)

- အထူးသဖြင့် မူဝါဒဆိုင်ရာအဆုံးအဖြတ်ပေးသည့် နေရာများတွင် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ရှိခြင်း။

**၃။ ပြည်သူတို့သည် တစ်ဦးချင်းအားဖြင့်လည်း တီထွင်ကြံဆောင်ဖန်တီးသူများအဖြစ်ပါဝင်နေခြင်း**

(creative-initiative role or initiator role ) တို့ဖြစ်သည်။

[၃၁-၃-၂၀၁၇၊ မြန်မာ့အလင်းခေါင်းကြီး]

**အများပြည်သူ၏အဓိပ္ပာယ်**

အများပြည်သူ (PUBLIC)ဆိုသည်မှာ-

# အခြေခံပညာအဆင့် ရခိုင်ပြည်နယ် ပညာရည်မြင့်မားရေးလုပ်ငန်းဆွေးနွေးပွဲပြုလုပ်

**စစ်တွေ ဇွန် ၁**

ရခိုင်ပြည်နယ်၏ အခြေခံပညာအဆင့် ပညာရည်မြင့်မားရေး လုပ်ငန်းဆွေးနွေးပွဲကို စစ်တွေမြို့ဦးဥတ္တမခန်းမ၌ မေ ၂၉ ရက်ကကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက ဆွေးနွေးပွဲနှင့် ပတ်သက်၍ ဖြည့်စွက်မှာကြားပေးသည်။ ထို့နောက် ရခိုင်ပြည်နယ် ပညာရည်မြင့်မားရေးအတွက် စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားပေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးကြသည်။



အဆိုပါဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်ပညာရေးမှူးနှင့် ပြည်နယ်အဆင့် အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ပညာရေး ဌာနများမှ တာဝန်ရှိသူများ၊ ထက်/လယ်/မူ ကျောင်းအုပ်ကြီးများ၊ သင်ကြားရေး ဆရာ၊ ဆရာမများ၊ ပညာရေးဌာနမှ အငြိမ်းစား အရာရှိကြီးများ၊ စာတမ်းရှင်များနှင့်ကျောင်းသားမိဘများ တက်ရောက်ကြသည်။

"ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ် ပညာရည်မြင့်မားရေးအတွက် ယခုလို စာတမ်းတွေဖတ်ကြားပေးနေကြပါတယ်။ ဒါကိုလက်တွေ့မှာ အသုံးချတဲ့အခါ ဆရာ ဆရာမတွေက စေတနာရှိရှိနဲ့ လိုက်နာသင်ကြားပေးဖို့ လိုပါတယ်။ ပျက်ကွက်တဲ့ ဆရာ၊ ဆရာမတွေ၊ စည်းကမ်းမရှိတဲ့ ဆရာ ဆရာမတွေကိုလည်း စစ်ဆေးရေးတွေက တိတိကျကျ စစ်ဆေးပြီး မှန်မှန်ကန်ကန် တင်ပြပေးဖို့ လိုပါတယ်"ဟု ရသေ့တောင်မြို့နယ် ဒုတိယပညာရေးမှူး ဦးသန်းလှိုင်က ပြောသည်။

စစ်တွေမြို့မှ ပညာရေးလုပ်ငန်းများကို စောင့်ကြည့်လေ့လာနေသူ ကိုကျော်ကျော်နိုင်က ယခုကဲ့သို့ စာတမ်းများတင်ပြခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်းကို ကြိုဆိုကြောင်း၊ တင်ပြချက်များကောင်းမွန်ကြောင်း၊ ဤအချက်များကို လက်တွေ့၌ အသုံးပြုနိုင်ပါက ရခိုင်ပြည်နယ် ပညာရေး တိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ ယခုရခိုင်ပြည်နယ် ပညာရေးသည် အလွန်နိမ့်ကျနေကြောင်း၊ မြို့ပေါ်၌သာ ပုံမှန်သင်ပြမှုများရှိပြီး နယ်ဘက်များတွင် သင်ကြားမှုများ ညံ့နေကြောင်း၊ နယ်စွန်နယ်ဖျားများ၌ ဆရာ ဆရာမများ မရောက်သော ကျောင်းများရှိကြောင်း၊ ရခိုင်ပြည်နယ်မှ ကျောင်းအများစုသည် ကျောင်းအင်္ဂါရပ်နှင့် မညီသည်ကို တွေ့ရကြောင်း၊ ဤသည်ကို လည်း ဖြည့်ဆည်းပေးစေလိုကြောင်း၊ မိမိတို့ဘာသာဖြစ်သော ရခိုင်ဘာသာ သင်ကြားမှုမှာ မအောင်မြင်သည်ကို တွေ့ရကြောင်း စသည်ဖြင့် သူ၏အမြင်ကို ပြောပြသည်။

**သတင်း-ကိုကြီးစော**
**ဓာတ်ပုံ-ညေစော**

# ရည်မှန်းချက်များနဲ့ ကာဒစ်ဖ်မြေပေါ်က ချန်ပီယံလိဂ် ဗိုလ်လုပွဲ




**ဥရောပပွဲများအတွင်းဆုံတွေ့မှု**

| | | |
|---|---|---|
| ဂျူဗင်တပ်စ် | ၁-၁ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၂-၁ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၂-၂ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၁-၂ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၂-၀ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၂-၁ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၂-၀ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၀-၁ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၃-၁ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၁-၂ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၀-၁ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၂-၀ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၀-၁ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၁-၀ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၀-၁ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၁-၃ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၁-၀ | ရီးရဲ |
| ဂျူဗင်တပ်စ် | ၀-၁ | ရီးရဲ |

**ဂျူဗင်တပ်စ်နှင့် ရီးရဲတို့၏ ချန်ပီယံလိဂ်ခြေစွမ်းနှိုင်းယှဉ်ချက်**

| ဂျူဗင်တပ်စ် | | ရီးရဲမက်ဒရစ် |
|---|---|---|
| ဂျူဗင်တပ်စ် ၀-၀ ဆီဗီလာ | အုပ်စုအဆင့် | ရီးရဲ ၂-၁ စပို့တင်း |
| ဇာဂရက် ၀-၄ ဂျူဗင်တပ်စ် | အုပ်စုအဆင့် | ဒေါ့မွန် ၂-၂ ရီးရဲ |
| လယွန် ၀-၁ ဂျူဗင်တပ်စ် | အုပ်စုအဆင့် | ရီးရဲ ၅-၁ လီဂါဝါဆော |
| ဂျူဗင်တပ်စ် ၁-၁ လိုင်ယွန် | အုပ်စုအဆင့် | လီဂါဝါဆော ၃-၃ ရီးရဲ |
| ဆီဗီလာ ၁-၃ ဂျူဗင်တပ်စ် | အုပ်စုအဆင့် | စပို့တင်း ၁-၂ ရီးရဲ |
| ဂျူဗင်တပ်စ် ၂-၀ ဇာဂရက် | အုပ်စုအဆင့် | ရီးရဲ ၂-၂ ဒေါ့မွန် |
| ပေါ်တို ၀-၂ ဂျူဗင်တပ်စ် | ၁၆ သင်းအဆင့် | ရီးရဲ ၃-၁ နာပိုလီ |
| ဂျူဗင်တပ်စ် ၁-၀ ပေါ်တို | ၁၆ သင်းအဆင့် | နာပိုလီ ၁-၃ ရီးရဲ |
| ဂျူဗင်တပ်စ် ၃-၀ ဘာစီလိုနာ | ကွာတားဖိုင်နယ် | ဘိုင်ယန် ၁-၂ ရီးရဲ |
| ဘာစီလိုနာ ၀-၀ ဂျူဗင်တပ်စ် | ကွာတားဖိုင်နယ် | ရီးရဲ ၄-၂ ဘိုင်ယန် |
| မိုနာကို ၀-၂ ဂျူဗင်တပ်စ် | ဆီမီးဖိုင်နယ် | ရီးရဲ ၃-၀ အက်သလက် |
| ဂျူဗင်တပ်စ် ၂-၁ မိုနာကို | ဆီမီးဖိုင်နယ် | အက်သလက် ၂-၁ ရီးရဲ |

**၂၀၁၆-၁၇** ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ နောက်ဆုံး ဗိုလ်လုပွဲကြီးကို လာမယ့်ဇွန်လ ၄ ရက်နေ့မှာ ဝေးလ်နိုင်ငံ ကာဒစ်ဖ်မှာကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ဗိုလ်လုပွဲမှာတော့ အီတလီကလပ် ဂျူဗင်တပ်စ်နဲ့ စပိန်ကလပ် ရီးရဲမက်ဒရစ်တို့ တွေ့ဆုံယှဉ်ပြိုင်သွားမှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

အထူးသဖြင့် ဂျူဗင်တပ်စ်ဟာဒီချန်ပီယံလိဂ်ဖလားကိုသာ အရယူနိုင်ခဲ့မယ်ဆိုရင် ဒီနှစ်ဘောလုံးရာသီမှာ အဓိကဆုဖလားသုံးလုံးစလုံး တစ်ပြိုင်နက်ရယူနိုင်တဲ့အသင်းအဖြစ် မှတ်တမ်းဝင်သွားမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အနေနဲ့ ဒီလိုတစ်ရာသီအတွင်းမှာ အဓိကဆုဖလား သုံးလုံးစလုံးကို ဘယ်တုန်းကမှ တစ်ပြိုင်နက်ရယူနိုင်ခြင်း မရှိခဲ့ဘဲ ဥရောပမှာ ဒီလိုတစ်ရာသီအတွင်း ဆုဖလားသုံးလုံးစလုံးကို တစ်ပြိုင်နက်ရယူနိုင်ခဲ့ကြတဲ့ အသင်းတွေအဖြစ် မန်ယူ၊ အင်တာမီလန်၊ ဆဲလ်တစ်၊ အိုင်းယက်စ်၊ အိုင့်ဟိုဗင်၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်တို့အသင်းတွေသာရှိခဲ့ပြီး တကယ်လို့ ဂျူဗင်တပ်စ်သာ ဒီတစ်ကြိမ်မှာ ချန်ပီယံလိဂ်ဆုဖလားကိုအရ ယူနိုင်ခဲ့မယ်ဆိုရင်တော့ တစ်ရာသီအတွင်း အဓိကဆုဖလား သုံးလုံးစလုံးကို တစ်ပြိုင်နက် ရယူနိုင်တဲ့ နဝမမြောက်အသင်း ဖြစ်လာမှာဖြစ်တဲ့အပြင် အီတလီကလပ် အင်တာမီလန်ရဲ့အောင်မြင်မှုကိုလည်း လိုက်မီသွားမှာဖြစ်ပါတယ်။

ဒါကြောင့်လည်းဒီရာသီမှာ အီတလီစီးရီးအေဆုဖလားကိုအရယူထားနိုင်သလို ကိုပါအီတာလီယာဖလားကိုလည်း အရယူထားနိုင်တဲ့ ဂျူဗင်တပ်စ်အနေနဲ့ဆုဖလားသုံးလုံးစလုံးတစ်ပြိုင်နက်ရယူနိုင်ဖို့အတွက် ဒီချန်ပီယံလိဂ်ဆုဖလားကိုပါ အရယူနိုင်ရေး အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ် ပြိုင်ပွဲရယ်လို့အမည်ပြောင်းလဲကျင်းပခဲ့ပြီးတဲ့နောက်မှာ ချန်ပီယံလိဂ်ဆုဖလားကို နှစ်နှစ်ဆက်တိုက်ရယူနိုင်တဲ့အသင်း လုံးဝမရှိခဲ့ပါဘူး။ ဒါကြောင့်လည်းပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ခဲ့တဲ့ ရီးရဲမက်ဒရစ်ကလည်း ဒီနှစ်မှာထပ်မံဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ချန်ပီယံလိဂ်ဖလားကို နှစ်ဆက်တိုက်အရယူနိုင်တဲ့ ပထမဆုံးအသင်းအဖြစ်မှတ်တမ်းဝင်မှာဖြစ်ပြီး ရီးရဲနည်းပြ ဇီဒန်းဟာလည်း ချန်ပီယံလိဂ်ဆုဖလားကို နှစ်နှစ်ဆက် ပထမဆုံးရယူနိုင်တဲ့ ပထမဆုံးနည်းပြဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရီးရဲအနေနဲ့လည်း ဒီတစ်ကြိမ်ပြိုင်ပွဲမှာ အနိုင်ရဗိုလ်စွဲနိုင်ဖို့အတွက် အားစိုက်ကစားလာဖို့ ရှိနေပါတယ်။

ဒါကြောင့်လည်း ဒီတစ်ကြိမ်ဗိုလ် လုပွဲက နှစ်သင်းစလုံးအတွက် ရည်မှန်းချက်ကိုယ်စီထားရှိထားတဲ့ ဗိုလ်လုပွဲဖြစ်နေသလို စိတ်ဝင်စားဖို့ပိုမိုကောင်းမွန်လာခဲ့ပါတယ်။ အထူးသဖြင့် ဂျူဗင်တပ်စ်ဟာ ပြီးခဲ့တဲ့ ၂၀၁၄-၁၅ ရာသီမှာလည်း အခုလိုပဲ တစ်ရာသီအတွင်း အဓိကဆုဖလားသုံးလုံးစလုံးရယူနိုင်မယ့်အခြေအနေနဲ့ ကြုံတွေ့ခဲ့ရပါသေးတယ်။ ဒါပေမယ့်လည်း အဲဒီတုန်းက စီးရီးအေဆုဖလားနဲ့ ကိုပါအီတာလီယာဖလားတို့ကို သိမ်းပိုက်ထားနိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်ဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာတော့ ဘာစီလိုနာကို အရေးနိမ့်ခဲ့ရမှုနဲ့အတူ ဆုဖလားသုံးလုံးရယူနိုင်မယ့်အိပ်မက်လည်းပျက်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဂျူဗင်တပ်စ်ဟာ အဆိုပါ ၂၀၁၄-၁၅ တုန်းကမ အောင်မြင်ခဲ့တဲ့ ရည်မှန်းချက်ကိုပြန်လည်အကောင်အထည်ဖော်ဖို့ အားစိုက်လာမှာဖြစ်တဲ့အပြင် ချန်ပီယံလိဂ်ဆုဖလားနဲ့ ၁၀ စုနှစ်တစ်ခုကျော် ဝေးကွာလာခဲ့မှုကိုလည်း အဆုံးသတ်နိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ဂျူဗင်တပ်စ်ဟာ ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်းမှာလည်း ခြေစွမ်းပြသနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဂျူဗင်တပ်စ်ရဲ့ခံစစ်ပိုင်းဟာ ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း အကောင်းဆုံးအခြေအနေမှာ ရှိခဲ့ပြီး ပြိုင်ပွဲတစ်လျှောက်လုံးမှာ ပေးဂိုးဆိုလို့ သုံးဂိုးသာရှိခဲ့တာကို တွေ့ရပါတယ်။ ဂျူဗင်တပ်စ်ဟာ အုပ်စုအဆင့် ခြောက်ပွဲကစားခဲ့ရာမှာ ခံစစ်က နှစ်ဂိုးသာခွင့်ပြုခဲ့ရတာ ဖြစ်ပြီး လေးပွဲတိတိပေးဂိုးမရှိအောင် ထိန်းချုပ်နိုင်ခဲ့သလို ရှုံးထွက်အဆင့်ပွဲတွေမှာဆိုရင်လည်း မိုနာကိုနဲ့အိမ်ကွင်းတစ်ပွဲသာ တစ်ဂိုးပေးခဲ့ရပြီး ကျန်ပွဲတွေမှာ ပေးဂိုးလုံးဝမရှိအောင် ထိန်းချုပ်နိုင်ခဲ့တာကို တွေ့ရပါတယ်။

ဒါ့အပြင် ဂျူဗင်တပ်စ်ဟာ တိုက်စစ်ပိုင်းလည်းထက်မြက်မှုရှိနေကာ ပြိုင်ပွဲတစ်လျှောက် ဂိုးမသွင်းနိုင်တဲ့ပွဲဆိုလို့ နှစ်ပွဲသာရှိခဲ့တာကိုတွေ့ရပြီး စုစုပေါင်း ၂၁ ဂိုးအထိ သွင်းယူနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါကြောင့်လည်း ဂျူဗင်တပ်စ်ရဲ့ခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိနေတယ်လို့ ဆိုနိုင်သလို ခံစစ်၊ တိုက်စစ်မျှတမှုရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ရီးရဲအနေနဲ့ ဂျူဗင်တပ်စ်ကို လွယ်လွယ်နဲ့အနိုင်မရနိုင်ပါဘူး။ ရီးရဲဟာဒီပွဲမှာလည်း ရော်နယ်ဒို၊ ဘင်ဇီမာ၊ အစ္စကို၊ တိုနီခရူးစ်၊ မိုဒရစ်စတဲ့ ကစားသမားတွေနဲ့ ပွဲထွက်လာမှာဖြစ်ပေမယ့် ဘေးလ်ပါဝင်နိုင်ဖို့ မသေချာတာကြောင့် တိုက်စစ်ပိုင်းမှာ အားနည်းမှုတွေရှိလာနိုင်ပါတယ်။ အထူးသဖြင့် ရော်နယ်ဒိုရဲ့ခြေစွမ်းကျဆင်းနေမှုကြောင့် ရီးရဲတို့ ဂျူဗင်တပ်စ်ခံစစ်ပိုင်းကိုခက်ခက်ခဲခဲကျော်ဖြတ်ရနိုင်ကာ မိနစ် ၉၀ အတွင်း ဂျူဗင်တပ်စ်အနိမ့်ဆုံးသရေရနိုင်ပါတယ်။

> **ချန်ပီယံလိဂ် ပြိုင်ပွဲရယ်လို့အမည်ပြောင်းလဲကျင်းပခဲ့ပြီးတဲ့နောက်မှာ ချန်ပီယံလိဂ်ဆုဖလားကို နှစ်နှစ်ဆက်တိုက်ရယူနိုင်တဲ့အသင်း လုံးဝမရှိခဲ့ပါဘူး။ ဒါကြောင့်လည်းပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ် ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ခဲ့တဲ့ ရီးရဲမက်ဒရစ်ကလည်း ဒီနှစ်မှာထပ်မံ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ချန်ပီယံလိဂ် ဖလားကို နှစ်ဆက်တိုက်အရယူနိုင်တဲ့ ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်မှာဖြစ်ပြီး ရီးရဲနည်းပြ ဇီဒန်းဟာလည်း ချန်ပီယံလိဂ်ဆုဖလားကို နှစ်နှစ်ဆက်ပထမဆုံး ရယူနိုင်တဲ့ ပထမဆုံးနည်းပြ ဖြစ်လာမှာ ဖြစ်ပါတယ်။**

## ဂါရတ်ဘေးလ်အား ရီးရဲအသင်းရောင်းချနိုင်သည်ဟု ကလောင်ရှင် အင်ဒါ မှတ်ချက်ပြု

စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းသည် မိုနာကိုအသင်း လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီအား ခေါ်ယူနိုင်ရေးအတွက် လာမည့်နွေရာသီ ဈေးကွက်ကာလအတွင်းတွင် အသင်း၏ တောင်ပံကစားသမား ဂါရတ်ဘေးလ်အား ရောင်းချသွားဖွယ်ရှိကြောင်း စပိန်အားကစားကလောင်ရှင်တစ်ဦးဖြစ်သူ အက်ဒူယာဒို အင်ဒါက မှတ်ချက်ပြုပြောဆိုလိုက်သည်။

ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ပြင်သစ်လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီ (၁၈နှစ်)အား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၁၁၃ သန်းအထိ အသုံးပြုရမည်ဖြစ်၍ ဂါရတ်ဘေးလ်အား ရောင်းချကာ ငွေကြေးရှာဖွေရန် ရည်ရွယ်နေခြင်းဖြစ်သည်ဟု ဆိုသည်။ ရီးရဲအသင်းတာဝန်ရှိသူများသည် ဝေးလ်ကစားသမား ဂါရတ်ဘေးလ်(၂၇နှစ်)၏ ကြံ့ခိုင်မှုအခြေအနေနှင့်ပတ်သက်၍ သံသယရှိနေကြောင်း အင်ဒါက ပြောဆိုခဲ့သည်။

“ဂါရတ်ဘေးလ်ရဲ့ ကြံ့ခိုင်မှုအပေါ် အသင်းတာဝန်ရှိသူတွေက သံသယဝင်နေပါတယ်။ တကယ်လို့ ဂါရတ်ဘေးလ်ကို ရောင်းချနိုင်ခဲ့မယ်ဆိုရင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၃၀ တောင်းဆိုထားတဲ့ မိုနာကိုတိုက်စစ်မှူး အမ်ဘာပေကို ခေါ်ယူဖို့အတွက် ရီးရဲအသင်းအနေနဲ့ ငွေကြေးတွေ ရရှိလာမှာ ဖြစ်ပါတယ်”ဟု အင်ဒါက စပိန်ရုပ်သံအစီအစဉ်တစ်ခုတွင် ပြောဆိုခဲ့သည်။

စပါးကစားသမားဟောင်း ဂါရတ်ဘေးလ်(၂၇နှစ်)သည် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် စုစုပေါင်း ၂၆ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ကာ ကိုးဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။

၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် မိုနာကိုအသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ထင်ရှားလာသူ လူငယ်တိုက်စစ်မှူး အမ်ဘာပေအား မန်ယူ၊ အာဆင်နယ်၊ လီဗာပူးစသည့် ပရီးမီးယားလိဂ်ကလပ်များကလည်း ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည်။


ရီးရဲတောင်ပံကစားသမား ဂါရတ်ဘေးလ်

ထက်အောင်



# ဘာစီလိုနာပွဲကိုင်ရှင်တစ်ဦးဖြစ်လာတဲ့ ဗယ်လ်ဗာဒီ

အောင်က

ဘာစီလိုနာအသင်းဟာ ဗယ်လ်ဗာဒီကို နှစ်နှစ်စာချုပ်နဲ့ နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။ ဒါဟာ ရာသီကုန်မှ အသင်းကနေထွက်ခွာသွားတဲ့ နည်းပြ အန်နီရီကေးရဲ့နေရာမှာ အကောင်းဆုံး အစားထိုးမှုလည်းဖြစ်ပါတယ်။ နည်းပြ အန်နီရီကေးဟာ ပြီးခဲ့တဲ့ရာသီက အသင်းအတွက် စပိန်ဘုရင်ဖလား တစ်လုံးသာ ရယူပေးနိုင်ခဲ့တယ်။ဒါပေမယ့်သူကိုင်တွယ်ခဲ့စဉ် အတွင်း ဘာစီလိုနာအသင်းကို ဆုဖလား ကိုးလုံးရယူပေး နိုင်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ ဘာစီလိုနာအသင်းကို သုံးနှစ်ကြာ ကိုင်တွယ်ခဲ့ပြီး အသင်းရဲ့နည်းပြကောင်းတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သူ ဖြစ်ပါတယ်။ အခုဘာစီလိုနာနည်းပြသစ် ဗယ်လ်ဗာဒီကတော့ ဘီဘာအိုအသင်းနဲ့ စာချုပ်သက်တမ်း ကုန်ဆုံးပြီး အလွတ်ပြောင်းရွှေ့ကြေးနဲ့ ဘာစီလိုနာကို ပြောင်းရွှေ့ကိုင်တွယ်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာကျော် ဘာစီလိုနာ အသင်းကို ကိုင်တွယ်မယ့် နည်းပြသစ် ဗယ်လ်ဗာဒီအကြောင်းကို တင်ပြလိုက်ပါတယ်။

### ဘာစီလိုနာတွင်ကစားခဲ့သူ

နည်းပြသစ်ဗယ်လ်ဗာဒီအတွက်တော့ နူးကမ့်ကွင်းဟာ စိမ်းလှတယ်လို့ ပြောလို့မရပါဘူး။ သူဟာ ဘာစီလိုနာအသင်းမှာ ၁၉၈၈ ခုနှစ်ကနေ ၁၉၉၀ အထိ ကစားပေးခဲ့သူဖြစ်ပါတယ်။ သူဟာ ပွဲထွက်ကစားသမားအဖြစ် ပုံမှန်ကစားခွင့်မရပေမယ့် အသင်းအတွက် အကျိုးပြုသူတစ်ဦးအဖြစ်တော့ ရှိခဲ့ပါတယ်။ သူဟာ ဘီဘာအိုအသင်းကို မပြောင်းရွှေ့ခင်မှာ ဘာစီလိုနာ အသင်းနဲ့အတူ ၂၉ ပွဲဝင်ကစားပြီး ၁၀ ဂိုးသွင်းယူပေးထားတဲ့ တိုက်စစ်မှူး တစ်ဦးဖြစ်ပါတယ်။ သူဟာ ဘာစီလိုနာအသင်းနဲ့ ကစားနေခဲ့စဉ်အတွင်း European Cup Winners’ Cup နဲ့ စပိန်ဘုရင့်ဖလားတို့ကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ဘာစီလိုနာအသင်းမှာ နှစ်ရာသီကြာသာ ကစားခဲ့ပေမယ့် ဘာစီလိုနာ စိတ်ဓာတ်တွေ ကိန်းအောင်နေတဲ့သူတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသူ ဖြစ်ပါတယ်။

### ရီးရဲကလိုချင်ခဲ့သူ

ရီးရဲမက်ဒရစ်အသင်းဟာ ကားလို့စ်အန်ဆယ်လော့တီကို ထုတ်ပယ်ခဲ့ပြီးနောက် ဗယ်လ်ဗာဒီကို နည်းပြသစ်အဖြစ် ခန့်အပ်ဖို့ အလိုရှိခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လ်ဗာဒီဟာ ဘီဘာအိုအသင်းမှာ ဆက်လက်ရှိနေချင်တာကြောင့် ရီးရဲမက်ဒရစ်အသင်းရဲ့ ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ပါတယ်။ သူဟာ ဘီဘာအိုအသင်းအတွက် အကောင်းဆုံး လုပ်ဆောင်မှုတွေပြုလုပ်ဖို့ ဆန္ဒပြင်းပြခဲ့သူလည်း ဖြစ်ပါတယ်။ဒါကြောင့်လည်း ရီးရဲအသင်းဟာ ဘင်နီတက်ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပါတယ်။ ဒါပေမယ့် ရီးရဲအသင်းဟာ ဘင်နီတက်ဇ်ကို ရာသီဝက်လောက်သာခန့်အပ်ပြီး နောက်ဆုံးမှာတော့ ဇီဒန်းကို ခန့်အပ်ခဲ့တာဖြစ်ပါတယ်။ ဇီဒန်းဟာ ရီးရဲမက်ဒရစ်အသင်းအတွက် အကောင်းဆုံး အစားထိုးနိုင်ခြင်းလို့ ပြောရမှာပါ။

### ဘာစီလိုနာကမ်းလှမ်းမှုကို သုံးကြိမ်တိုင် ငြင်းပယ်ခဲ့သူ

ဗယ်လ်ဗာဒီအတွက်တော့ ဘာစီလိုနာအသင်းနည်းပြအဖြစ် လုပ်ကိုင်ဖို့အခွင့်အလမ်းဟာ အခုမှရတာတော့ မဟုတ်ပါဘူး။ ဘာစီလိုနာအသင်းအနေနဲ့ ဂွာဒီယိုလာ အသင်းကနေ ထွက်ခွာသွားခဲ့စဉ်ကတည်းက ခေါ်ယူဖို့ ကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဗယ်လ်ဗာဒီက ငြင်းဆိုခဲ့တာကြောင့် ဗီလာနိုဗာကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ရပါတယ်။ အဲ့ဒီနောက်ပိုင်း ဗီလာနိုဗာရဲ့ ကျန်းမာရေးအခြေအနေကြောင့် သူ့ကိုခေါ်ယူဖို့ ထပ်မံကမ်းလှမ်းမှုကိုလည်း ငြင်းဆိုခဲ့ပါသေးတယ်။ အဲ့ဒီနောက်ပိုင်း ဘာစီလိုနာအသင်းဟာ နည်းပြ မာတီနိုကို ခန့်အပ်ခဲ့ပါတယ်။ ဒါပေမယ့် တစ်ရာသီကြာမှာတော့ ထပ်မံထုတ်ပယ်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း ဘာစီလိုနာအသင်းဟာ ဗယ်လ်ဗာဒီကို ခေါ်ယူဖို့ ထပ်မံကမ်းလှမ်းခဲ့ပြန်ပါတယ်။ ဒါပေမယ့် ဗယ်လ်ဗာဒီကတော့ လက်ခံဖို့ငြင်းဆိုခဲ့ပြန်ပါတယ်။ အခုနောက်ဆုံး နည်းပြအန်နီကေး ထွက်ခွာသွားခဲ့ပြီး ထပ်မံကမ်းလှမ်းလာမှုကို ဗယ်လ်ဗာဒီအနေနဲ့ လက်ခံလိုက်တာဖြစ်ပါတယ်။

### မန်နေဂျာအတွေ့အကြုံရင့်ကျက်သူ

ဗယ်လ်ဗာဒီဟာ နည်းပြဘဝနဲ့ အတွေ့အကြုံအတော်များပြားတဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ သူဟာ ဥရောပထိပ်တန်းအသင်းတွေဖြစ်တဲ့ ဘီဘာအို၊ အက်စပန်ညို၊ ဗီလာရီးရဲ၊ ဗလန်စီယာတို့ကို ကိုင်တွယ်ထားခဲ့သလို ဂရိကလပ် အိုလန်ပီယာကော့စ်အသင်းကိုလည်း ကိုင်တွယ်ထားခဲ့ဖူးသူ ဖြစ်ပါတယ်။ သူဟာ နည်းပြလောကကို ၂၀၀၁ခုနှစ်က စတင်ဝင်ရောက်ခဲ့သူဖြစ်ပြီး ဆုဖလားခြောက်လုံးရရှိထားသူဖြစ်ပါတယ်။ သူ့ရဲ့ ဆုဖလား ခြောက်လုံးထဲက ငါးလုံးကတော့ဂရိကလပ် အိုလံပီယာကော့စ်အသင်းနဲ့အတူ ရရှိထားခဲ့တာဖြစ်ပါတယ်။ တစ်လုံးကတော့ လာလီဂါကလပ် ဘီဘာအိုအသင်းနဲ့ဖြစ်ပြီး စပိန်စူပါဖလားဖြစ်ပါတယ်။ ဒါကြောင့်လည်း ဗယ်လ်ဗာဒီဟာ ကောင်းမွန်တဲ့ အတွေ့အကြုံတွေနဲ့အတူ ဥရောပမှာတော့ သမ္မာရင့်တဲ့ နည်းပြတစ်ဦးအဖြစ် ရပ်တည်နေသူလည်းဖြစ်ပါတယ်။

ဗယ်လ်ဗာဒီဟာ အခုဆိုရင်ဘာ စီလိုနာအသင်းရဲ့နည်းပြသစ်တစ်ဦး ဖြစ်လာပြီဖြစ်တာကြောင့် သူ့ရဲ့ကောင်းမွန်တဲ့ အတွေ့အကြုံ ဆန်းသစ်တဲ့နည်းဗျူဟာတွေနဲ့အတူ ဘာစီလိုနာအသင်းဟာ လာမယ့်ရာသီမှာတော့ ဘယ်လောက်အထိ တောက်ပလာဦးမလဲဆိုတာကို စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

# ဂရစ်ဇ်မန်းသည် အသင်းအတွက် အရေးပါသော်လည်း အသင်း၏အထက်တွင် မည်သူမှ ရှိမနေဟု အက်သလက်တီကို ကစားသမား ဆောနီဂက်ဇ် ပြောဆို

ထက်အောင်

အက်သလက်တီကိုအသင်း ကွင်းလယ်ကစားသမား ဆောနီဂက်ဇ်က တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အသင်းအတွက် အရေးပါသည့် ကစားသမားဖြစ်ကြောင်း၊ သို့သော်လည်း အသင်း၏ အထက်တွင် မည်သည့်ကစားသမားမျှ ရှိမနေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ ဆက်လက်၍ စပိန်ကွင်းလယ်ကစားသမား ဆောနီဂက်ဇ်က တိုက်စစ်မှူး ဂရစ်ဇ်မန်းအနေဖြင့် အသင်းမှ ထွက်ခွာသွားမည်ဆိုပါကလည်း အက်သလက်တီကိုအသင်း အနေဖြင့် ဂရစ်ဇ်မန်း၏နေရာတွင် ပြန်လည်အစားထိုးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

မန်ယူအသင်းကခေါ်ယူရန် ပစ်မှတ်ထားခြင်းခံနေရသူ အက်သလက်တီကိုအသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းက လာမည့် နွေရာသီအတွင်းတွင် အသင်းမှထွက်ခွာလိုကြောင်း အက်သလက်တီကိုအသင်းထံသို့ အကြောင်းကြားထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အက်သလက်တီကိုအသင်းနှင့် ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ ချုပ်ဆိုထားသည့် စာချုပ်တွင် ဂရစ်ဇ်မန်းအား ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးအဖြစ် ယူရိုသန်း ၁၀၀ (ပေါင် ၈၇ သန်း) ပေးချေရမည်ဆိုသည့် အချက်ကို ထည့်သွင်းချုပ်ဆိုထားပြီး အက်သလက်တီကိုအသင်းအနေဖြင့် အဆိုပါ ပြောင်းရွှေ့ကြေးထက် နည်းပါးသည့်ပမာဏဖြင့် တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ရောင်းချမည်မဟုတ်ကြောင်း သတင်းများတွင် ဆက်လက် ရေးသားထားသည်။

ကွင်းလယ်ကစားသမား ဆောနီဂက်ဇ်က “ဘယ်လိုပဲဖြစ်ဖြစ် ဂရစ်ဇ်မန်းအနေနဲ့ သူ့ရဲ့အနာဂတ်ကို သူကြိုက်သလို စီမံပိုင်ခွင့်ရှိပါတယ်။ ကျွန်တော်တို့ကတော့ ဂရစ်ဇ်မန်းနဲ့အတူ ရာသီကြိုပြင်ဆင်မှုတွေလုပ်ဖို့ စောင့်ဆိုင်းနေပါတယ်။ ဒါပေမယ့် ဂရစ်ဇ်မန်းအနေနဲ့ သူ့အနာဂတ်ကို ဆုံးဖြတ်သွားရမှာပါ။ တကယ်လို့ ဂရစ်ဇ်မန်းအနေနဲ့ အက်သလက်တီကိုအသင်းကနေ ထွက်ခွာသွားမည်ဆိုရင်လည်း အက်သလက်တီကိုအသင်းမှာ တိုက်စစ်ကစားသမားတွေအဖြစ် တောရက်စ်၊ ကီဗင်ဂါမီရီယို၊ ကော်ရီယာနဲ့ ကာရက်စကိုတို့ ရှိနေပါတယ်။ ဂရစ်ဇ်မန်းက အက်သလက်တီကိုအသင်းအတွက် အလွန်အရေးပါတဲ့ ကစားသမားဖြစ်ပြီး သူ့ရဲ့အရည်အချင်းကိုလည်း ကျွန်တော်တို့ သိရှိထားပါတယ်။ ဒါပေမယ့် ပိုမိုအရေးကြီးက ဘယ်ကစားသမားမှ အသင်းရဲ့အထက်မှာ ရှိမနေဘူးဆိုတာပါပဲ”ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်း (၂၆နှစ်) သည် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် အက်သလက်တီကိုအသင်းအတွက် စုစုပေါင်း ၅၃ ပွဲ ပါဝင်ကစားခဲ့ကာ ၂၆ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။




အက်သလက်တီကို ကစားသမား ဆောနီဂက်ဇ်




# ဂိုးသမား ရေနာအား ခေါ်ယူရန် နယူးကာဆယ်မန်နေဂျာ ဘင်နီတက်ဇ် ပစ်မှတ်ထားနေ

လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိထားသည့် နယူးကာဆယ်အသင်း၏ မန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်သည် နာပိုလီအသင်း ဂိုးသမား ပီပီရေနာအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

မန်နေဂျာ ဘင်နီတက်ဇ်နှင့် ဂိုးသမား ရေနာတို့သည် ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ လီဗာပူးအသင်းတွင် လက်တွဲခဲ့ဖူးသကဲ့သို့ ၂၀၁၃-၁၄ ခုနှစ်ရာသီတွင်လည်း နာပိုလီအသင်းတွင် လက်တွဲခဲ့သူများဖြစ်သည်။

မန်နေဂျာ ဘင်နီတက်ဇ်က “ကျွန်တော်တို့ ဂိုးသမား ရေနာ တို့ကြားမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိပါတယ်။ သူက ထိပ်တန်းဂိုးသမားပါ။ နောက်ပြီးအသင်းကိုလည်း ဦးဆောင်ပေးနိုင်သူဖြစ်ပါတယ်။ နာပိုလီအသင်းအပေါ် ကျွန်တော်လေးစားမှုရှိပါတယ်။ ဒါပေမယ့် ဂိုးသမား ရေနာ အနေနဲ့ နာပိုလီ အသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင် သူ့ကို ကျွန်တော် ခေါ်ယူချင်ပါတယ်” ဟု ပြောဆိုခဲ့သည်။

အသက် ၃၄ နှစ်အရွယ်ရှိ ဂိုးသမား ရေနာနှင့် နာပိုလီအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်သည်။ ဂိုးသမား ရေနာသည် ဘာစီလိုနာ၊ ဗီလာရီးရဲနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့တွင်လည်း ပါဝင်ကစားခဲ့ဖူးသူ ဖြစ်သည်။

ဂိုးသမား ရေနာသည် လီဗာပူးအသင်းတွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပါဝင်ကစားခဲ့စဉ်က အက်ဖ်အေဖလား၊ လိဂ်ပြိုင်ပွဲဖလား၊ ကွန်မြူနတီဒိုင်းနှင့် ဥရောပစူပါဖလားတို့ကို ရရှိခဲ့သူဖြစ်သည်။

လီဗာပူး၊ ရီးရဲမက်ဒရစ်နှင့် အင်တာမီလန်စသည့် အသင်းများကိုတာဝန်ယူခဲ့သူ ဘင်နီတက်ဇ်သည် ၂၀၁၆ ခုနှစ် မတ်လ ၁၁ ရက်တွင် နယူးကာဆယ်အသင်း မန်နေဂျာအဖြစ် စတင်ခန့်အပ်ခံခဲ့ရပြီး ၂၀၁၅-၁၆ ရာသီအကုန်တွင် ပရီးမီးယားလိဂ်မှ နယူးကာဆယ် တန်းဆင်းခဲ့ရသော်လည်း နယူးကာဆယ်အသင်းကို ဆက်လက်တာဝန်ယူခဲ့ကာ ၂၀၁၆-၁၇ ခုနှစ် လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ၌ နယူးကာဆယ်အသင်းကို ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ထက်အောင်

# နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် စီးပွားရေးလုပ်ငန်းရှင်များ၏အခန်းကဏ္ဍက လွန်စွာအရေးကြီး

**မကွေး ဇွန် ၁**

နိမ့်ကျနေသည့် မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်းနှင့် နိုင်ငံ၏ အရေးကြီးသောအခန်းကဏ္ဍ ဖြစ်သည့် အားလျော်စွာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် စွန့်ဦးတီထွင်လိုစိတ်မွေး၍ ရိုးသားစွာ ကြိုးစားကြစေလိုကြောင်း၊ မိမိတို့၏ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲ၍ နိုင်ငံခြားသို့ ပို့ဆောင်နိုင်ရန် အားထုတ်ကြစေလိုကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောသည်။

မကွေးမြို့ မြို့တော်ခန်းမ၌ မေ ၃၀ ရက်က ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်းရှိ ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီးအစိုးရမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူများ၊ ရက်ကန်း၊ ရေနံလက်ယက်တွင်းတိမ်၊ စက်မှုဇုန်၊ အသေးစား အလတ်စားလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ NGO အဖွဲ့ဝင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ စုစုပေါင်း ၇၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့လာရောက်၍ စီးပွားရေးဆိုင်ရာ အကြံပြုချက်များလာရောက်ပေးအပ်သည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးက "အကြံပြုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီနိုင်ငံကြီးကောင်းစားဖို့၊ ဒီဒေသ ဖွံ့ဖြိုးတိုးတက်ဖို့ စိတ်အရင်းခံတွေရှိလို့ သူတို့ အကြံပြုချက်တွေပေါ်လာတာ။ ဒီစိတ်အရင်းခံကိုပဲ ချီးကျူးဂုဏ်ပြုပါတယ်။ ဘဝတစ်လျှောက်မှာ တခုတ်တရ လေ့လာမှတ်သားပြီးတော့ ရရှိလာတဲ့ အကြံဉာဏ်တွေကို လိုအပ်တဲ့သူတွေကို ပြန်ပြီး ဖြန့်ဝေ၊ မျှဝေပေးချင်တဲ့ စိတ်ကိုလည်း တစ်လေးတစ်မြတ် တန်ဖိုးထားပါတယ်"ဟု ဂုဏ်ပြုစကား ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုကလည်း ပိုက်ဆံရရှိရေးကိုသာ ရှေးရှု၍မဖြစ်ဘဲ အမျိုးသားနိုင်ငံရေး၊ အမျိုးသား လုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရသဖြင့် တရုတ်နိုင်ငံက မင်းဘူး/စကုဘက်၌ ရေနံခာတုစက်ရုံကြီးတည်ဆောက်ချင်ကြောင်း ကမ်းလှမ်းမှုရှိခဲ့သည်ကိုပင် လက်ခံခြင်းမပြုခဲ့ကြောင်း၊ စိုက်ပျိုးရန် ဖြစ်ထွန်းသည့်မြေကို စောင့်ရှောက်ရမည်ဖြစ်၍ စိုက်ပျိုးရန်မဖြစ်သော မကွေးနှင့် ရေနံချောင်းမြို့ကြားရှိ ကျတ်တီးမြေကို လိုချင်ပါက လုပ်ကိုင်ခွင့်ပေးနိုင်မည်ဟု အကြောင်းပြန်ထားကြောင်းဖြင့် စိုက်ပျိုး စီးပွားရေးလုပ်ငန်းအပေါ် အလေးအနက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။

မကွေးမြို့မှ ဆီထွက်သီးနှံလုပ်ငန်းရှင်တစ်ဦးက "ကျွန်တော်တို့ လုပ်ငန်းရှင်တွေအနေနဲ့လည်း တိုင်းဒေသကြီးနဲ့ ကိုယ့်နိုင်ငံရဲ့စီးပွားရေး ပြန်လည်ဦးမော့လာအောင် နိုင်ငံတကာမှာ ကျွန်တော်တို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေ မျက်နှာပန်းလှအောင် တန်ဖိုးမြှင့် ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်သွားနိုင်ဖို့ ကြိုးစားကြရမှာပါ"ဟု ဆိုသည်။

အဆိုပါ တွေ့ဆုံပွဲတွင် အသေးစား အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများကလည်း လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြကာ ဆန်၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ၊ ခရီးသွားလုပ်ငန်း၊ မွေးမြူရေး၊ လက်ယက်ရေနံတွင်း၊ သစ်တောထွက်ပစ္စည်းလုပ်ငန်း၊ အထည်အလိပ်၊ စက်မှုဇုန်လုပ်ငန်း စသည့် လုပ်ငန်းအသီးသီးမှ တင်သွင်းသော စာတမ်းများအပေါ်တွင် အကြံပေးအဖွဲ့က အကြံပြုဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့သည်။



**ဇေယျတု(မကွေး)**

# အလှူရှင်များစုပေါင်းလှူဒါန်းသည့် စက်ရေတွင်းဖွင့်ပွဲကျင်းပ

**ကျောက်ပန်းတောင်း ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သစ်ဆပ်ပင်ကျေးရွာတွင် အလှူရှင်များစုပေါင်းလှူဒါန်းမှုဖြင့် တူးဖော်အောင်မြင်ခဲ့သည့် စက်ရေတွင်းသစ်ဖွင့်ပွဲကို မေ ၃၀ ရက်က ကျင်းပခဲ့သည်။

စက်ရေတွင်းသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်မင်းနောင်နှင့် အလှူရှင်အဖွဲ့မှ ဦးမောင်မောင်တိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အလှူရှင်အဖွဲ့မှ ဦးမောင်မောင်တိုးက စက်ရေတွင်းလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ စက်ရေတွင်းဆိုင်ရာ အချက်အလက်များနှင့် စာရွက်စာတမ်းများကို အလှူရှင်အဖွဲ့မှ ဒေါ်ခင်ဆွေဝင်းက ကျေးရွာတာဝန်ခံထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

သစ်ဆပ်ပင်ကျေးရွာ စက်ရေတွင်းကို ၁၉၇၇ ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ်(မြို့ပြ)အင်ဂျင်နီယာအဖွဲ့က စုပေါင်းလှူဒါန်းကြခြင်းဖြစ်ပြီး တွင်းအမျိုးအစားမှာ အနက်ပေ ၄၃၀ ရှိ လေးလက်မစက်ရေတွင်းဖြစ်သည်။ စက်ရေတွင်းနှင့်အတူ ရေမြေပ်ပန့်နှင့် မော်တာတစ်စုံ၊ Control panel တစ်စုံ၊ ၂၅ကောင်အား အင်ဂျင်နှင့် ဒိုင်နမိုတစ်စုံနှင့် ရေပန့်စက်ရုံအဆောက်အအုံ၊ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်တို့ကိုပါ လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၇၈ သိန်းဖြစ်ကြောင်း သိရသည်။ အဆိုပါစက်ရေတွင်း ဖွင့်လှစ်နိုင်ခြင်းကြောင့် သစ်ဆပ်ပင်ကျေးရွာရှိ အိမ်ထောင်စု ၁၅၀ မှ လူဦးရေ ၆၅၀ ကျော်အတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# ကုန်ထုတ်လမ်းအဖြစ်အသုံးပြုနိုင်မည့် တံတားသစ်ကို အမြန်ဆုံးတည်ဆောက်လျက်ရှိ



**ရေတာရှည် ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်း ကျေးရွာအုပ်စုအတွင်းရှိ မုန်စီကျေးရွာနှင့် ကြာအင်းကျေးရွာအကြားမှ DY 2 ဆည်ရေလွှတ်မြောင်းပေါ်တွင် တံတားသစ်တစ်စင်းကို ဒေသခံ တောင်သူများ လိုအပ်ချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တည်ဆောက်ပေးလျက်ရှိပြီး အဆိုပါတံတား ပြီးစီးသွားပါက ရာသီမရွေးအသုံးပြုနိုင်သော ကုန်ထုတ်လမ်းအဖြစ်လည်းကောင်း၊ ကျေးရွာချင်းဆက်လမ်းအဖြစ်လည်းကောင်း ဒေသခံပြည်သူများအား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား တည်ဆောက်မှုနှင့်ပတ်သက်၍ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ ဌာနက မိုးရာသီအမီ အမြန်ဆုံး တည်ဆောက်နေပါတယ်။ တောင်သူတွေ စိုက်ပျိုးချိန်အမီ ပြီးစီးမှာပါ"ဟု ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ကုန်ထုတ်လမ်းများသည် ဒေသခံ တောင်သူများအတွက် များစွာ အထောက်အကူပြုလျက်ရှိပြီး လယ်ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ လှည်းနွားများဖြင့် ကုန်ထုတ်လမ်းများပေါ်မှ ဖြတ်သန်းကာ စပါးနှင့် စိုက်ပျိုးရေးထွက်ကုန်များ သယ်ယူရာတွင် အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# စပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိ

**ပင်လည်ဘူး ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်စေရန်အတွက် ၂၀၁၇ ခုနှစ် မိုးစပါး ဘဏ်ချေးငွေများကို မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မေ ၂၄ ရက်မှစ၍ ကျေးရွာများမှ တောင်သူများထံသို့ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ချေးငွေများထုတ်ပေးရာတွင် ယခင်နှစ် ချေးယူထားသော ချေးငွေများကို ကျေအောင်ပေးဆပ်ပြီး ပုံစံ(၇)မူရင်းရှိသော တောင်သူလယ်သမားများကို ဦးစားပေး၍ ထုတ်ချေးပေးကြောင်း၊ ယခုနှစ် မိုးစပါးဘဏ်ချေးငွေအနေဖြင့် ပင်လည်ဘူးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၁ အုပ်စုရှိ လယ်ဧက ၃၅၀၀၀ အတွက် ချေးငွေကျပ်သိန်းပေါင်း ၅၂၅၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်သင်းသင်းဦးက ပြောသည်။

ထို့အပြင် ပင်လည်ဘူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသို့ ချေးငွေလာရောက်ထုတ်ယူသည့် တောင်သူများအား ချေးငွေများကို အကျိုးရှိစွာသုံးစွဲကြရန်နှင့် လာမည့်နှစ်တွင် သတ်မှတ်ချိန်အတိုင်း ချေးငွေများ ပြန်လည်ပေးဆပ်ကြရန်လည်း မြို့နယ်ဘဏ်ခွဲမန်နေဂျာက ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# လူထုဇဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့် ပြုပြင်ပြီးသည့် ကျောင်းဆောင်သစ်ဖွင့်လှစ်

**ဗန်းမောက် ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံထုံကျေးရွာအုပ်စု မဲတောကျေးရွာ မူလတန်းလွန်ကျောင်းရှိ ရွှေမင်းဝံဆောင်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဇဟိုပြုစီမံကိန်းမှ ရန်ပုံငွေ ကျပ်သိန်း ၆၀ ကျော်ဖြင့် ပြုပြင်ပြီးစီးပြီဖြစ်၍ ဖွင့်ပွဲကို မေ ၃၀ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်ဒွန်းနှင့် မြို့နယ် လူထုဇဟိုပြုစီမံကိန်း နည်းပညာအကြံပေးခေါင်းဆောင် ဦးစီးအရာရှိ ဦးတင်မောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ မဲတောကျေးရွာသည် မြို့နှင့် ၁၇ မိုင်ခန့်ကွာဝေးကာ မဲဇာမြစ်အနီးတွင်ရှိ၍ ယခင်က လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပညာရေးကဏ္ဍတွင်လည်း အခက်အခဲများရှိခဲ့ပြီး လက်ရှိအစိုးရလက်ထက်တွင် လူထုဇဟိုပြုစီမံကိန်း၏ အထောက်အကူဖြင့် ကျေးရွာမူလတန်းလွန်ကျောင်းဆောင်ကို ပြုပြင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံသုံးခု တစ်ရက်တည်းတွင် ဖွင့်လှစ်

**လဲချား ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ်အတွင်းရှိ ဟဲဆိုင်ကျေးရွာ၊ ဟိုတိကျေးရွာနှင့် တပ်မောက်ကျေးရွာများ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများကို မေ ၃၀ ရက် တစ်ရက်တည်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

နံနက်ပိုင်းတွင် ဟဲဆိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကိုလည်းကောင်း၊ နံနက် ၁၁ နာရီတွင် ဟိုတိကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် တပ်မောက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကိုလည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံများကို လဲချားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရော်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဇင်မာနွယ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

**မိုးလွင်ဦး(လွိုင်လင်)**



# လျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းနှင့် လျှပ်စစ်လုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာသင်တန်းဖွင့်

**ရေစကြို ဇွန် ၁**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဇီးကျွန်းကျေးရွာအုပ်စု ဇီးကျွန်းကျေးရွာ၌ ဒေသခံပြည်သူများအတွက် လျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းနှင့် လျှပ်စစ်လုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းကို ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မေ ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်တို့က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးလှမျိုးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ လျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းကို သင်တန်းကာလ ၁၅ ရက်ကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်နှင့် ကျေးလက်နှင့်မြို့ပြကွာဟမှု ကျဉ်းမြောင်းလာစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို မြို့နယ်အတွင်း ကျေးရွာများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရေစကြိုမြို့နယ် တောင်အိုကျေးရွာတွင် တစ်လုံးထိုးအင်ဂျင် ပြုပြင်နည်းသင်တန်း၊ စဉ့်ကိုင်ကျေးရွာတွင် ကွန်ကရစ်ဖြင့် လုပ်ငန်းသုံးပစ္စည်းထုတ်လုပ်မှုသင်တန်းများကို ဆက်လက်ဖွင့်လှစ်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်စိုး၏ ပြောကြားချက်အရ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့(ကပစ-၁၁)နေ ဦးဇော်ထူးအောင် ၇/ရကန(နိုင်)၀၃၈၇၄၂-ဒေါ်ထားဆွေဦး ၇/ရကန (နိုင်) ၀၀၀၇၁၁တို့၏သား မောင်အောင်သီဟဖြိုးအား မောင်ဖြိုးဟိန်းကျော် ၁၂/မရက(နိုင်)၁၇၃၄၆၈ ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးဟိန်းကျော်**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်စစ်ရဲမင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးအောင်သူရ ၈/စလန(နိုင်)၁၁၇၆၀၃ ဖြစ်ပါသည်။ **ဦးအောင်သူရ**




## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နေပြည်တော်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ဧည့်ရိပ်သာအဆောက်အအုံတစ်လုံးအား ဆောက်လုပ်ရန် ဗိသုကာဒီဇိုင်းရေးဆွဲပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါလုပ်ငန်းအား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပုသိမ်မြို့သို့ ဆက်သွယ်ဆောင်ရွက်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂-၆-၂၀၁၇ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁-၇-၂၀၁၇ရက်
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄နာရီ
(ဃ) **ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်** - ၀၄၂-၂၄၁၈၃

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ပုသိမ်မြို့**

## ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန လက်အောက်ရှိ မြို့နယ်များတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် တည်ဆောက်ရေးလုပ်ငန်းနှင့် မီးသတ်ယာဉ်များကို အောက်ပါအတိုင်း မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ၄-ခန်းတွဲ(၃)ထပ် ဝန်ထမ်းနေအိမ် (၁) လုံး
(ခ) ၄-ခန်းတွဲ(၂)ထပ် ဝန်ထမ်းနေအိမ် (၁) လုံး
(ဂ) မြို့နယ်မီးသတ်စခန်း(၂)ထပ် (၁) လုံး
(ဃ) နယ်မြေမီးသတ်စခန်း(၂)ထပ် (၄) လုံး
(င) မီးငြိမ်းသတ်ယာဉ် (၁၆) စီး
(စ) မီးသတ်ရေသယ်ယာဉ် (၁) စီး
(ဆ) မီးသတ်ရေယာဉ် (၁) စီး
(ဇ) ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီး

၂။ အိတ်ဖွင့်တင်ဒါကို ၁-၆-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၃၀-၆-၂၀၁၇ရက် ညနေ၄နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၅-၇-၂၀၁၇ရက်တွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန(၀၅၂-၂၂၀၈၁၁) နှင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (၀၅၂-၂၂၂၁၂၇၂) တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇေယျာ ထွန်း ၁၀/မဒန(နိုင်)၂၃၁၆၈၀၏ (Passport-No.) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၆၉၃၈၄၈**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်စိုး ၁၀/ကမရ(နိုင်)၀၁၇၉၃၉၏ (Passport-No.) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၆၉၃၈၄၈**

### ပျောက်ဆုံးကြောင်း

ကျွန်မ မမိခိုင်ဦး ၁၀/ခဆန(နိုင်)၁၀၀၂၇၁၈၏ Passport-No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၆၉၃၈၄၈**

### ပျောက်ဆုံးကြောင်း

ကျွန်မ မစုလှိုင်စိုး ၇/ဖမန(နိုင်)၁၅၀၀၇၂၏ (Passport-No.)မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၆၉၃၈၄၈**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၁၄)၊ ဦးပိုင်အမှတ်(၆၄)၊ ၅၆×၅၇လမ်းကြား၊ ဦးပုည×ဧဝရတ်လမ်းကြားရှိ ဦးမြင့်အောင် အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်စုစုလှိုင် ၉/ကဆန(နိုင်)၁၀၂၆၅၂မှ မြေချထားမိန့်မူရင်း၊ မြေဖိုးလမ်းဖိုးငွေသွင်းပြေစာမူရင်းများ အသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

### အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ် ၄၇**

ဦးသီဟ **နှင့်** ၁။ ဦးခင်ထိုက်
၂။ ဒေါ်နီလာမျိုးထွန်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ် ၁၁၀၄ နေ လျှောက်ထားခံရသူ (၁) ဦးခင်ထိုက်နှင့်အမှတ် ၄၈၇၊ အေးရတနာလမ်း၊ ၁၆/အပိုင်း (၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ လျှောက်ထားခံရသူ (၂) ဒေါ်နီလာမျိုးထွန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးသီဟက ဤရုံးသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် -၁၁၀/၂၀၁၆တွင် တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၅၄အရ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၅၈၆(က)၊ မြေအကျယ် အလျားပေ ၂၀၊ အနံပေ ၆၀၊ ဧရိယာ စတုရန်းပေ ၁၂၀၀ မြေကွက်တည်နေရာအမှတ် ၅၈၆(က) အောင်ရတနာလမ်း၊ ကြီးပွားရေး(မြောက်) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော နှစ် ၆၀ ဂရန်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်နေအိမ်အား ဝရမ်းစွဲကပ်ထားသည့် အမိန့်ကို ပယ်ဖျက်၍ တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၅၈အရ ဝရမ်းခွာပေးပါရန် လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန်၊ ၂၀၁၇ ခုနှစ် ဇွန် ၁၃ရက် (၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် မေ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်နိုင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး (၉)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### သက်ဆိုင်သူအများကန့်ကွက်နိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ၂၇ လမ်း၊ တိုက်အမှတ် ၁၀၇/၁၀၉၊ တတိယလွှာ၊ (၂၇.၅'×၄၀')ရှိ (ဝဲခန်း)အား မူလပိုင်ရှင် ကွယ်လွန်သူ ဦးအစ္စမေးလ် အဘိုဝပ်သ် ၁၂/ပဘတ(နိုင်)၀၁၆၆၀၅ ၏အမွေဆက်ခံသူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါသဖြင့် ယင်းအခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူသည် တရားဝင်ခိုင်မာသော စာရွက်စာတမ်းအထောက်အထားနှင့်တကွ ယနေ့မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ တရားဝင်ကန့်ကွက်သူမရှိပါက အခန်းအရောင်းအဝယ်ကို ပြီးဆုံးသည်ထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်တာဝန်ပေးချက်အရ**
**အထက်တန်းရှေ့နေကြီး ဦးထွန်းဝင်း စဉ်-၆၄၀၉**
**အမှတ်(၁၀၆)၊ ဒု-ထပ်(ဝဲ)၊ ၁၀၁ လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၅၇၅၇၆**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်း-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၀၂ နှင့်ဆက်နွယ်သည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၈၇**

၁။ ဦးကျော်ဝင်း **နှင့်** ၁။ ဦးဇော်မင်းဦး
၂။ ဦးစိုးဦး ၂။ ဦးနိုင်လင်းထိုက်
၃။ ဒေါ်ငွေငွေစိုး MY MIND CONSTRUCTION
မိုင်မိုင်းဆောက်လုပ်ရေး

**တရားနိုင်များ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် ၂၉၊ (မြေညီထပ်) (ယာ)နေ တရားရှုံး ဦးဇော်မင်းဦး၊ ဦးနိုင်လင်းထိုက် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၀၂တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၃၀ ရက် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ခုနှစ် မေ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ခင်နှင်းရီ)**

**ဒုတိယခရိုင်တရားသူကြီး(၈)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၆)၊ ဦးပိုင်အမှတ်(၅၁)၊ ၆၀Aနှင့် ၆၁လမ်းကြား၊ မဉ္ဇူရာ×တပင်ရွှေထီးလမ်းကြားရှိ ဦးအောင်မိုး အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ငွေဆယ် ၉/စတဥ(နိုင်)၀၂၅၈၀၇မှ မြေချထားမိန့်မူရင်း၊ မြေဖိုးလမ်းဖိုးငွေသွင်း ပြေစာမူရင်းများ အသိမ်းလွန် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက် တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့ နေပြည်တော်နေ ကျွန်တော် ဦးတင်မြင့် (ဘ)ဦးအောင်ညွန့် ၉/ပမန(နိုင်)၀၁၃၈၈၂နှင့် ဒေါ်အေးအေးခိုင်(ခ)ဒေါ်ချောစု (ဘ)ဦးတင့်လွင် ၉/ပမန(နိုင်)၀၁၁၃၂၃တို့သည် ၂၅-၅-၂၀၁၇ရက်တွင် ပျဉ်းမနားမြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြပြီးဖြစ်သည့်အပြင် ဒေါ်အေးအေးခိုင်(ခ) ဒေါ်ချောစုသည် ရသင့်ရထိုက်သည့်နှစ်ဦးပိုင်အမွေပစ္စည်းများထံမှ ရယူပိုင်ဆိုင်ခွဲဝေလက်ခံရရှိပြီးဖြစ်သည့်အတွက် ကျွန်တော် ဦးတင်မြင့်နှင့် ဒေါ်အေးအေးခိုင်(ခ) ဒေါ်ချောစုတို့သည် ၂၅-၅-၂၀၁၇ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးတင်မြင့် ၉/ပမန(နိုင်)၀၁၃၈၈၂**

### အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
**မဟာအောင်မြေမြို့နယ် တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် ၉**

ဒေါ်သွယ်သွယ်ခိုင် **နှင့်** ၁။ ဦးဇော်ဇော်မြင့်
၂။ ဒေါ်သီရိအောင်(ခ)သဲသဲ

**တရားနိုင်** **တရားရှုံးများ**

အထက်ပုံစံပါအမှုမှ တရားရှုံးများကြဖြစ်သော မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၃ လမ်းနှင့် ၃၈ လမ်းထောင့် 'မေ'ကိတ်မုန့်လုပ်ငန်းနေ ဦးဇော်ဇော်မြင့်နှင့် ဒေါ်သီရိအောင်(ခ)သဲသဲ (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဒေါ်သွယ်သွယ်ခိုင်က ဤရုံးသို့ ဒီကရီအတည်ပြုရာတွင် တရားရှုံးများကို တရားမထောင်ချထားပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၇ ခုနှစ် ဇွန် ၅ ရက် (၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် မေ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းမျိုးဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

### အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၆၉ပထမထပ်(ခြေရင်းခန်း)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အိအိစိုး ၁၄/ဟသတ(နိုင်)၂၃၉၅၇၇ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါတိုက်ခန်းကို ဒေါ်အိအိစိုးထံမှ အပြီးအပိုင်ဝယ်ယူရန်ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ရှိန်းမေအောင် ၁၃/ပလန(နိုင်)၀၆၁၈၅၂ စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါကခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြတ်ထက်မောင်(စဉ်-၄၅၀၃၃)** | **ဒေါ်စုဝေဖြိုး(စဉ်-၄၁၉၅၇)** |
| **LL.B,D.B.L** | **LL.B** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉-၇၉၁၁၆၆၀၆၁** | **ဖုန်း-၀၉-၄၂၀၀၆၉၀၅** |

**အခန်း ၅၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(တရားရုံးအနီး)**

ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေထီဆွဲဌာနခွဲ

## (၃) ကြိမ်မြောက် ကျပ် ၅၀၀တန် ထီပေါက်စဉ် ၂၀၁၇ ခုနှစ် ၊ ဇွန် လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ကဟ - ၇၄၈၇၂၁

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆု

ကသ - ၅၅၆၇၉၇

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆု

ခ - ၃၀၆၁၈၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| ကသ | ၁၀၉၅၉၄ | ကဖ | ၅၉၁၇၉၁ |
| ဃ | ၂၁၆၈၁၀ | ကဖ | ၆၂၇၂၆၁ |
| ဈ | ၂၁၆၈၇၄ | ကဋ | ၆၂၈၅၄၄ |
| ဇ | ၂၂၇၇၆၂ | ထ | ၆၅၇၆၄၂ |
| ကဖ | ၂၂၇၈၄၂ | ဍ | ၆၈၄၆၄၄ |
| ကပ | ၂၄၁၈၃၈ | ဈ | ၆၉၄၃၀၀ |
| ည | ၂၆၇၂၁၁ | ကန | ၇၁၆၅၇၃ |
| ဒ | ၂၇၀၉၁၆ | ဂ | ၇၃၆၅၀၆ |
| ကန | ၃၁၄၇၃၅ | ခ | ၇၅၁၂၉၇ |
| ကဗ | ၃၁၅၇၄၉ | စ | ၇၆၄၁၂၇ |
| ကမ | ၃၁၈၃၀၄ | ကဒ | ၈၀၀၀၇၇ |
| ဏ | ၃၅၅၇၅၆ | ဇ | ၈၃၈၅၂၈ |
| ထ | ၃၆၀၉၂၄ | ဒ | ၈၈၁၉၃၉ |
| ကဓ | ၄၂၈၀၅၁ | ဃ | ၈၈၂၅၄၅ |
| ဏ | ၄၅၄၅၀၀ | ကဓ | ၉၀၁၀၃၇ |
| ဂ | ၅၀၄၇၀၅ | တ | ၉၀၈၅၆၃ |
| ကမ | ၅၃၂၅၇၉ | ဇ | ၉၃၈၄၂၂ |
| စ | ၅၅၅၉၃၁ | ကယ | ၉၄၅၂၂၁ |
| ကဒ | ၅၆၀၄၅၉ | | |

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ကပ | ၁၀၃၃၅၈ | န | ၆၁၂၁၂၀ |
| ဍ | ၁၄၃၁၉၇ | ကသ | ၆၃၀၇၁၅ |
| ကဗ | ၁၆၂၇၉၉ | ကဗ | ၆၃၉၁၄၈ |
| န | ၁၈၁၉၀၀ | ပ | ၆၆၂၀၀၆ |
| စ | ၁၉၁၂၈၇ | ဏ | ၆၇၂၄၁၂ |
| စ | ၂၆၃၇၅၈ | ဏ | ၆၈၃၀၉၀ |
| ကဟ | ၂၉၆၈၆၉ | ကမ | ၆၈၉၄၀၉ |
| ကလ | ၃၀၂၃၇၁ | ကလ | ၆၉၇၅၉၃ |
| တ | ၃၀၅၁၉၀ | ကဘ | ၆၉၇၉၁၁ |
| ကဒ | ၃၁၄၀၈၄ | ဃ | ၇၆၆၄၈၆ |
| ကအ | ၃၁၅၃၁၁ | ကဘ | ၇၈၀၈၉၉ |
| ည | ၃၂၇၂၄၃ | ကပ | ၈၁၄၁၃၈ |
| ဃ | ၄၀၂၀၁၉ | ကအ | ၈၅၆၂၇၅ |
| ည | ၄၀၈၆၀၅ | ကမ | ၈၅၉၉၁၁ |
| ပ | ၄၃၉၃၉၂ | ဍ | ၈၇၀၅၇၁ |
| က | ၄၇၄၀၀၉ | ကဓ | ၈၈၇၀၄၁ |
| ကဗ | ၄၉၁၀၀၂ | န | ၉၃၆၆၇၀ |
| ဈ | ၄၉၉၉၄၄ | ကအ | ၉၅၈၉၁၂ |
| ကပ | ၅၀၄၂၇၂ | တ | ၉၆၄၇၈၇ |
| ဇ | ၅၂၆၆၃၇ | | |

### ဆုတစ်ဆုချင်းကျပ်(၁၀)သိန်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| က | ၁၀၇၃၇၁ | ကဘ | ၄၅၅၃၆၃ | ည | ၇၇၉၄၈၆ | ဍ | ၈၈၅၁၅၈ |
| ကဝ | ၁၁၉၄၁၈ | ကဟ | ၄၇၉၉၈၄ | ကဘ | ၇၈၂၅၈၀ | ကန | ၈၈၇၉၀၇ |
| ကဝ | ၁၂၀၃၂၄ | ကဋ | ၅၀၉၇၆၃ | ကပ | ၇၉၈၅၁၂ | စ | ၈၈၉၀၆၇ |
| ကဖ | ၁၄၈၅၃၈ | ကပ | ၅၃၁၆၉၉ | စ | ၈၀၉၁၀၉ | ကဘ | ၉၀၃၆၆၁ |
| ကအ | ၁၉၄၉၁၆ | ဇ | ၅၅၆၅၀၈ | င | ၈၂၃၆၉၈ | ကယ | ၉၄၂၄၅၂ |
| ကဝ | ၁၉၈၃၃၆ | ကဗ | ၅၆၂၈၇၅ | ကရ | ၈၃၉၈၅၆ | ဓ | ၉၄၅၈၁၀ |
| ဍ | ၂၃၃၆၀၂ | ကဟ | ၅၈၀၈၆၈ | ကယ | ၈၅၅၁၇၁ | စ | ၉၄၇၄၀၁ |
| ဏ | ၂၄၃၇၇၉ | ကမ | ၆၀၉၈၀၃ | ကဓ | ၈၇၁၅၇၇ | ကဖ | ၉၅၄၀၆၁ |
| ဇ | ၃၀၁၅၉၂ | ကဋ | ၆၄၆၀၁၆ | ဓ | ၈၇၄၄၈၀ | ကမ | ၉၇၉၁၅၇ |
| ဓ | ၃၁၃၀၃၅ | ဍ | ၇၆၃၁၇၉ | ကဝ | ၈၈၄၅၁၈ | ဒ | ၉၈၇၉၄၂ |
| ကဟ | ၃၇၄၁၄၃ | | | | | | |

# (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် ဝေဝေဆာဆာပဒေသာဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ပ | - ၄၃၅၂၆ | ကဒ | - ၇၅၆၂၀ |
| ကဠ | - ၅၁၃၃၀ | ပ | - ၇၉၅၈၄ |
| ည | - ၅၇၉၆၈ | ကဖ | - ၈၂၆၄၈ |
| ကရ | - ၆၈၇၃၄ | ဈ | - ၉၄၀၈၃ |
| င | - ၆၈၇၈၂ | န | - ၉၉၇၄၇ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း၊

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| က | - ၁၅၂၂ | ကလ | - ၃၄၈၆ |
| ကလ | - ၁၆၆၉ | ကဒ | - ၆၁၅၇ |
| ဒ | - ၁၈၃၃ | ကပ | - ၇၄၀၈ |
| ကဖ | - ၂၄၁၁ | ထ | - ၇၈၈၁ |
| ကဘ | - ၃၄၂၁ | ထ | - ၈၄၀၈ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း၊

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကဠ | - ၁၂၂ | ကပ | - ၂၇၉ | ကဖ | - ၄၅၀ | ဈ | - ၆၉၂ | န | - ၇၄၉ | င | - ၈၄၆ |
| က | - ၁၅၉ | ဂ | - ၂၉၂ | ဓ | - ၅၂၉ | င | - ၇၀၄ | တ | - ၇၅၀ | န | - ၈၈၈ |
| ဏ | - ၂၁၄ | ကဒ | - ၃၉၃ | ဓ | - ၅၅၃ | ကဒ | - ၇၀၈ | ကပ | - ၇၅၉ | ဆ | - ၉၁၅ |
| ကဒ | - ၂၇၃ | ကဝ | - ၄၀၂ | ကဒ | - ၅၆၆ | ခ | - ၇၁၁ | ကဝ | - ၇၉၄ | ရ | - ၉၉၇ |
| ဍ | - ၂၇၅ | ဒ | - ၄၃၆ | ထ | - ၆၅၀ | ကန | - ၇၃၀ | ထ | - ၈၂၁ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း၊

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

ကပ - ၁၀ ပ - ၁၄ ကဗ - ၂၂ ကဘ - ၂၉ က - ၄၃ ဓ - ၇၀ ကအ - ၉၅

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း၊

ကပ - ၁၀၆၅၉၂ ကပ-၁၀၆၇၈၄

ပုံနှိပ်စဉ်ကပင်ပါဝင်ခြင်းမရှိသည့်ကဝ-၁၀၀၀၀၀ နှင့် ကဝ-၁၀၀၀၀၁ ဂဏန်းများ အတွက် အစားထိုးဖွင့်လှစ်ပေးသည့်ပေါက်ဂဏန်းများဖြစ်ပါသည်။

## (၃၄၁) ကြိမ်မြောက် ကျပ် ၂၀၀ တန် ထီပေါက်စဉ်
## ၂၀၁၇ ခုနှစ် ၊ ဇွန် လ (၁) ရက်နေ့

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၅၀၀)ဆု**

က - ၂၉၀၈၉၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆု**

ဂ - ၄၀၃၄၉၁

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု**

ခ - ၄၇၀၇၉၅

**ဆုကြီးတစ်ဆုချင်း ကျပ်(၂၅)သိန်းဆု**

က - ၇၆၈၅၀၁

**ဆုကြီးတစ်ဆုချင်း ကျပ်(၁၀)သိန်းဆု**

ဂ - ၉၆၁၆၄၁

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ**

ဂ - ၅၀၃၂၁ ဂ - ၈၄၇၂၈

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း၊

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ**

က - ၁၄၅၄

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း၊

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ**

က - ၈၆၇

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း၊

၁။ ၂၀၁၇ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၃) ကြိမ်မြောက် ကျပ် ၅၀၀ တန်အတွက် ဆုမဲပေါင်း (၁၀၀၂၂၀)ဆုနှင့် (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀ တန် အတွက် ဆုမဲပေါင်း (၁၁၂၅)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို "က" အက္ခရာမှ အစဉ်လိုက် "ဖ' အက္ခရာထိ အက္ခရာ၂၂ လုံးနှင့် အရန်ထီ "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာ ထိ ၂၂ လုံး၊ စုစုပေါင်း အက္ခရာ ၄၄ လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ်(၅၀၀)တန် ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး၊ အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၅. ၆. ၂၀၁၇) ရက်နေ့မှ (၂၃ . ၆ . ၂၀၁၇) ရက်နေ့ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

**ဆုငွေစတင်ထုတ်ပေးမည့်ရက် (၁၂. ၆. ၂၀၁၇)**

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# (၂၅) နှစ်ပြည့် ငွေရတုမင်္ဂလာ ကျေးဇူးတင်လွှာ

## Myanmar Citizens Bank Ltd.
## မြန်မာနိုင်ငံသားများဘဏ်လီမိတက်

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (Myanmar Citizens Bank Ltd.) ၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ( ၂ ) ရက်နေ့တွင် ပြည့်မြောက်သည့် နှစ်ဆယ့်ငါးနှစ်မြောက် ငွေရတုအခါသမယတွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက်အား ဦးဆောင်လမ်းညွှန်မှုပေးပါသော ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ယခုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကနဦး ပထမဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အစုရှယ်ယာရှင်များ၊ အစိုးရဘဏ်များနှင့် ညီနောင်ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများ၊ ကိုယ်စားလှယ်ရုံးခွဲများ၊ မြန်မာနိုင်ငံသားများဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ကြသည့် ကုမ္ပဏီလုပ်ငန်းရှင်ကြီးများ၊ မြန်မာနိုင်ငံသားများဘဏ်ကို ယုံကြည်စိတ်ချစွာဖြင့် (၂၅) နှစ်တာ စဉ်ဆက်မပြတ် အားပေးဆက်ဆံကြသည့် မိဘပြည်သူများ၊ Customer များ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင် ရှိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် စီးပွားဥစ္စာများ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

(၂၅) နှစ်တာ အေးချမ်းတည်ငြိမ် တိုးတက်အောင် ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်ကို ဆထက်ထမ်းပိုး တိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ငွေရတုသဘင် မင်္ဂလာအခမ်းအနားအား နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့်အတူ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် တစ်ပေါင်းတည်း ကျင်းပသွားရန် ရည်ရွယ်ထားပါကြောင်း အသိပေး တင်ပြအပ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**Myanmar Citizens Bank Ltd.**

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

မြန်မာနိုင်ငံသားများဘဏ်လီမိတက် **(Myanmar Citizens Bank Ltd.)** ၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည့်မြောက်သည့် (၂၅) နှစ်မြောက် ငွေရတု အခါသမယတွင် မြန်မာနိုင်ငံသားများဘဏ်၏ ရှယ်ယာရှင်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ငွေရတုနှစ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆထက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

New Golden Gate (1991) Co.,Ltd.

Capital Diamond Star Group Ltd.

YOUR GOOD BROTHER

Shwe Me`Co.,Ltd.

Zeya and Associates Co.,Ltd.

Ahtar Oo Co.,Ltd

FARMER PHOYARZAR Group of Companies

STEEL KING COMPANY LIMITED

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
## ၂၀၁၇ ခုနှစ် မေ ၂၉ ရက်

၁။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ"က"အက္ခရာမှ အစဉ်လိုက် "ဖ"အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ"ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ** (၂၂)လုံး စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန်ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ ရက်မှ ၂၄-၆-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၅။ (၄)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ် **(အရန်ထီ)** နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ်"ကက"အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာအထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ညာဘက် ကျပ် ၅၀၀ တန် တံဆိပ်၏အပေါ်၌ **2nd အမှတ်အသား** ပါဝင်သောထီလက်မှတ်များသာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်**ပေါ်တွင် **2nd** အမှတ်အသားမပါဝင်သော **"ကက"အက္ခရာမှ အစဉ်လိုက် "ကခ"အက္ခရာ**ထိ ထီလက်မှတ်များသည် (၁)ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် ဇူလိုင် ၁ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀၊ ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၃၀၀၀နှင့် ကျပ်သိန်း ၁၀၀၀ ဆုများပါဝင်ပြီး **အနိမ့်ဆုံးဆုမဲမှာ** ကျပ် ၅၀၀၀၀ ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ကွယ်လွန်သူ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်(ငြိမ်း) သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(ငြိမ်း)၏ ဆေးဝါးကုသစဉ်နှင့် ကွယ်လွန်ချိန်တို့တွင် ရဲဘော်စိတ်ဖြင့် အားပေးနှစ်သိမ့်ကူညီကြသော ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိခြင်း။

၂၆-၅-၂၀၁၇ရက်တွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်ပြီး ၂၈-၅-၂၀၁၇ရက်တွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ ဈာပနအခမ်းအနားကျင်းပခဲ့သော ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)၏ဈာပနတွင် အားပေးနှစ်သိမ့်မှုနှင့် နောက်ဆုံးခရီးတွင် လိုက်ပါပို့ဆောင်ပေးပါသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်(အငြိမ်းစား)များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (အငြိမ်းစား)များ၊ ဝန်ကြီး(အငြိမ်းစား)များနှင့် ဇနီး၊ မိသားစု၊ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း…၊

မေတ္တာ၊ ကရုဏာတရားများဖြင့် လှူဖွယ်ပစ္စည်းပိုးသက်န်းများပေးပို့လှူဒါန်းပေးပါသော နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အားလည်းကောင်း၊ ဈာပနအခမ်းအနားသို့ ဝမ်းနည်းကြောင်း ပန်းခွေ၊ ပန်းခြင်းနှင့် နှစ်သိမ့်မှုပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ ရဲဘော်စိတ်ဖြင့် သတင်းစာ၌ နှစ်သိမ့်မှုပေးပါသော တပ်မတော်(ကြည်း/ရေ/လေ)မိသားစုများအားလည်းကောင်း…၊

ကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ပါသော စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်းနှင့်ဇနီးအားလည်းကောင်း၊ ဆေးကုသမှုခံယူစဉ်နှင့် ကွယ်လွန်ချိန်၌ လိုအပ်ချက်များအား စီမံပေးပါသော စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့်ဇနီး၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မိသားစုအားလည်းကောင်း၊ ဈာပနအခမ်းအနားသို့ လာရောက်၍ နှစ်သိမ့်မှုနှင့်လိုအပ်သည်များ ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံနှင့်ဇနီး၊ အစစအရာရာကူညီပေးပါသော တိုင်းစစ်ဌာနချုပ်မိသားစုများအားလည်းကောင်း၊ ဆေးဝါးကုသမှုအတွက် အကူအညီပေးပါသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူး(ငြိမ်း)ဗိုလ်မှူးချုပ်မြသိန်းဟန်(ငြိမ်း)အားလည်းကောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးဗိုလ်မှူးချုပ်ရဲဝင်းဦးနှင့်တပ်နယ်မိသားစုများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ဗိုလ်မှူးချုပ်ဝင်းလွင်တို့အားလည်းကောင်း…၊

မကျန်းမာချိန်၌မေတ္တာ၊ စေတနာအပြည့်ဖြင့် နှစ်သိမ့်မှုနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပါသော တပ်မတော်ဆေးရုံကြီး(ခုတင်- ၁၀၀၀)မင်္ဂလာဒုံ ဆေးရုံအုပ်ကြီး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်ဇနီး၊ ဗိုလ်မှူးချုပ်စောလွင်နှင့်ဇနီးတို့အားလည်းကောင်း၊ အနီးကပ်နွေးထွေးစွာ အထူးဂရုစိုက်ဆေးဝါးကုသမှုပြုပေးခဲ့ပါသော ပါရဂူကြီး ဗိုလ်မှူးကြီး ဒေါ်ခင်ဖြူပြာနှင့် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများအားလည်းကောင်း…၊

နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ကူညီမှုအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း၊ ကျန်ရစ်သူမိသားစုမှ အထူးအလေးထားလျက် ကျေးဇူးဥပကာရတင်ရှိပါကြောင်း…။

**ကျန်ရစ်သူ ဇနီး ဒေါ်ခင်လှတင်နှင့် သား၊ သမီး၊ မြေး၊ မြစ် မိသားစု**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းသန့် ၁၂/ဥကတ(နိုင်)၂၀၃၂၉၁ ၏ (Passport- No.) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းဇင်ထွန်း ၁၀/ခဆန(နိုင်)၁၃၂၄၁၆ ၏ (Passport-No.) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းဝင်းထွန်း ၁၀/ခဆန(နိုင်)၀၉၇၈၆၂၏ (Passport -No.) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### အမည်မှန်

မုဒုံမြို့နယ်၊ အထက (ခွဲ) ကော့ခပုံ ဆဋ္ဌမတန်းအောင်မှ မဖြူသဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၁၀/မဒန(နိုင်)၁၃၄၉၈၈ ဖြစ်ပါကြောင်း။ **ဦးတင်ဦး**

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အလက (၁)၊ ဒုတိယတန်းမှ ဖြေဆိုအောင်မြင်ခဲ့သော မအိမ့်မှူးငယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်သူဝင်း ၉/ကဆန(နိုင်)၁၂၆၇၉၄ ဖြစ်ပါသည်။

**ဦးအောင်သူဝင်း**

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အလက (၂)၊ သတ္တမတန်းမှ မောင်သက်ပိုင်မင်းနှင့် ဆဋ္ဌမတန်းမှ မမေမိုးသဲတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဦး ၉/ပဥလ(နိုင်)၀၂၁၅၇၆ ဖြစ်ပါသည်။

**ဦးမင်းမင်းဦး**

### ပျောက်ဆုံးကြောင်း

ကျွန်မ မမိငယ် ၁၀/ခဆန(နိုင်)၁၂၁၈၄၈ ၏ (Passport -No.) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၆၉၃၈၄၈**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နိုင် ၁၀/ခဆန(နိုင်)၁၂၆၂၉၀ ၏ (Passport-No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၆၉၃၈၄၈**

**သွေးသည် အသက်**

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးကြိုင်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၂၇/Aနေ (ဒေါ်လှကြည်)၏ခင်ပွန်း၊ (ဦးမြင့်ဆန်း)-ဒေါက်တာပပခိုင်ဦး (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်သည် ၃၀-၅-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြင့် (ပြည်မြို့)
### အသက်(၈၄)နှစ်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဒေါ်ဆွေဆွေ၏မိခင် ဒေါ်လှမြင့်သည် ၂၆-၅-၂၀၁၇ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် နှင့် တရားသူကြီးများ၊ တရားရေးမိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်စန်း
### ဒု-ညွှန်ကြားရေးမှူး(ထွေ/စီ)(MOGE)(ငြိမ်း)
### အသက်(၇၆)နှစ်

ဦးမျိုးအောင်စန်း(DGM)-ဒေါ်နုနုဇင်(AGM)တို့၏ ဖခင် ဦးအောင်စန်းသည် ၃၀-၅-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၁း၃၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**Delta International Co.,Ltd**
**ဝန်ထမ်းမိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်စန်း အသက်(၇၆)နှစ်
### ဒု-ညွှန်ကြားရေးမှူး(ထွေ/စီ)MOGE(ငြိမ်း)
### Technoland Computer Trading Co.,Ltd

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ အရှေ့ကုန်းလမ်း၊ အမှတ် (၅)နေ ဒေါ်နီလာချို၏ ချစ်လှစွာသောခင်ပွန်း၊ မလဲ့ကေခိုင်(Technoland)၏ ချစ်လှစွာသော ဖခင်သည် ၃၀-၅-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၁း၃၄နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **Technoland မိသားစု**

### ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီးနေ မောင်ချစ်ဇော်ဦး ၁၀/မလမ(နိုင်)၂၃၈၆၇၆သည် နိုင်ငံသားစိစစ်ရေးကတ်ပြား သွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၃၆၉၂၂၈**

### အမည်ပြောင်း

အမှတ်(၄၅၀)၊ ဓမ္မာရုံ (၁) လမ်း၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ် ရန်ကုန်မြို့ (ဘ)ဦးသန်းဋ္ဌေး ၁၂/လမန(နိုင်) ၀၁၇၇၂၄၏သား မောင်စည်သူဖြိုး ၁၂/လမန(နိုင်)၁၄၄၀၂၈အား မောင်စစ်သွေးဇော်ဟု ပြောင်းလဲခေါ်ပါရန်။

### သွာနုတ္တ သမီးအဖြစ်သတ်မှတ်ရန် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ဥယျာဉ်စုအုပ်စု၊ အိုးဘိုကျေးရွာနေ (ဘ) ဦးထွန်းထွန်း ၉/ပမန(နိုင်)၁၇၈၉၃၈ (မိ)ဒေါ်တင်တင်ညို ၉/ပမန(နိုင်)၁၇၄၉၆၅ တို့၏သမီး မသင်းသင်းဦး ၉/ပမန(နိုင်)၂၇၀၆၀၆ သည် မိဘနှစ်ပါးနှင့်မောင်နှမသားချင်းတို့အပေါ် စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘနှစ်ပါး၏ ဆိုဆုံးမစကားများကိုနားမထောင်ခြင်း၊ မိသားစုဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်း၊ မိဘနှစ်ပါးနှင့် မောင်နှမသားချင်းတို့ပိုင် အဖိုးတန်ပစ္စည်းများကို မတရားသောနည်းဖြင့်ရယူကာ ကိုယ်ကျိုးသုံးစွဲခြင်းတို့ အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် သွာနုတ္တသမီးအဖြစ်သတ်မှတ်ပြီး ယနေ့မှစ၍ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း၊ မသင်းသင်းဦးနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**(ဘ)ဦးထွန်းထွန်း-(မိ)ဒေါ်တင်တင်ညို**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ဝင်းရီ
### အသက် (၈၈)နှစ်

ဒေါက်တာ ဒေါ်ကေသီ(တွဲဖက်ပါမောက္ခ၊မျက်စိအထူးကုဆရာဝန်ကြီး၊ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီး)၏မိခင် ဒေါ်ခင်ဝင်းရီသည် ၂၇-၅-၂၀၁၇ ရက်ညတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**မျက်စိပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## လှူယွင်ထီ(ခ)ဦးကျော်ဋ္ဌေး (အိမ်မဲ၊ သရက်ကုန်း)
### (ဧရာဝတီတိုင်းဒေသကြီး)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊၃၁လမ်း၊ အမှတ် ၁၅၈နေ (ဦးဟိုက်ရုံ-ဒေါ်ထွေး) တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ(ဦးရှန်-ဒေါ်စိန်ဆွမ်း) တို့၏သားသမက်၊ (ဒေါ်ညို)၊ဦးထွန်းရှိန်-ဒေါ်ခင်နွဲ့တို့၏ညီ/မောင်၊ ဦးထိန်ဝင်း-(ဒေါ်ရီ)၊ဦးရွှေကျင်-(ဒေါ်အုန်းမြင့်)၊ဦးမြင့်ကြည်၊ဒေါ်မြအေး၊ဒေါ်မြသန်း၊ဦးထွန်းကျော်ဦး-ဒေါ်မြဋ္ဌေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅လမ်း၊ အမှတ်၇၈နေ လျောက်ကျင်းကွေ့(ခ)ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ဦးတင့်ဆွေ-ဒေါ်အေးအေးနိုင်၊ ဦးစိန်ဝင်း-ဒေါ်လေးလေးခိုင်၊ ဒေါ်ခင်ခင်လှိုင်၊ ဦးကျော်ဝင်း (U.S.A)-ဒေါ်လီလီသန်း(U.S.A)တို့၏ဖခင်၊ မသီသူဟန်၊ မရွှေရည်ဝင်း၊ မောင်အောင်မြင့်မြတ်၊ မောင်တင်အောင်ဝင်း၊မောင်Ryder Liu (USA)တို့၏ အဘိုးသည် ၂၉-၅-၂၀၁၇ ရက်(တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၇ ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (လမ်းမတော်မြို့နယ်၊ ၅လမ်း၊ အမှတ်၇၈နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မင်းမင်းသန်း
### အသက် (၇၄)နှစ်

ဦးဋ္ဌေးကြွယ်(ဦးစီးအရာရှိ-ဆမ-ငြိမ်း)၏ဇနီး ဒေါ်မင်းမင်းသန်း အသက် (၇၄)နှစ်သည် ၂၁-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဘူမိဝန်ထမ်းလူမှုရေးအဖွဲ့**
**(ဆည်မြောင်း)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ဋ္ဌေး
### နာယကအဖွဲ့ဝင်
### အသက်(၇၀)
### အောင်ဆန်းသူရိယလှသောင်း-ဘော်ဒါ(၆၁-၇၂) ကျောင်းသား ဟောင်းများ အာစရိယပူဇော်ပွဲနှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့

အစ်ကိုကြီး ကိုအောင်ဋ္ဌေး ၃၀-၅-၂၀၁၇ရက် မွန်းလွဲ ၁၂း၀၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ **ဆရာကြီး၊ ဆရာမကြီးများနှင့် (၆၁-၇၂) ဘော်ဒါကျောင်းသားဟောင်းများ**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်၏ ပွဲနှင်းမှူးလက်မှတ်အမှတ်-၁၂၇၄/၁၃ ရက်စွဲ ၃၁-၁၂-၂၀၁၃ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပါရန်။ **မောင်အောင်သူ ဖုန်း-၀၉-၄၂၁၅၇၅၁၅၄**

---

### ဒေါ်ခင်သန်းညွန့် (မအူပင်)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက်(၂၄/စီ)၊ အခန်း(၀၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊ သုမင်္ဂလာအိမ်ရာနေ မြို့အုပ်ကြီး(ဦးတလုပ်-ဒေါ်လှ)တို့၏သမီး၊ (ဦးဖိုးအောင်-ဒေါ်ဖွားမေ)တို့၏ချွေးမ၊ (ဦးတင်မောင်ဦး)၏ ချစ်လှစွာသောဇနီး၊ (ဦးဝွန်း-ဒေါ်ခင်ခင်)၊ (ဗိုလ်မှူးမောင်ညွန့်-ဒေါ်ခင်ခင်သန်း) တို့၏ညီမ၊(ဒုဗိုလ်မှူးကြီးလှနွဲ့-ဒေါ်ခင်ခင်ရီ)တို့၏အစ်မ၊ ဦးမြင့်ဦး-ဒေါ်မွှေးမွှေး တို့၏မိခင်၊ ဦးမျိုးဦး-(ဒေါ်သန်းသန်း)၊ ဦးမျိုးညွန့်၊ ဒေါ်မြင့်မြင့်၊ ဦးအောင်ခိုင်-ဒေါ်တင့်တင့်တို့၏အဒေါ်၊ ကိုကျော်ဇင်လတ်-မသင်းသင်းနွယ်၊ မနေခြည်လတ်၊ ကိုမိုးမင်းစိုး၊ မခင်ရီဦးမွန်တို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀-၅-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဒေါ်မြမြစော(ခ)တီတီ အသက်(၈၅)နှစ်
### တောင်ငူ/ရန်ကင်း-ကျောက်ကုန်း

တောင်ငူမြို့၊ ဘုရားလမ်းနေ စက်ရှင်မင်းကြီး ဦးဘချို-ဒေါ်ဒေါ်သိန်းတို့၏ သမီး၊ ဦးအုန်း -ဒေါ်စောမြတို့၏ချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်း၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၁၀နေ ဦးမြင့်သိန်း(စက်မှု/စားကုန်) ၏ ချစ်လှစွာသောဇနီး၊ ဦးမြသိန်း-ဒေါ်ဥမ္မာသိန်း၊ (ဦးမိုးကျော်)၊ ဦးသိန်းဇော် (မြို့နယ်ဦးစီးအရာရှိ၊ ငါးလုပ်ငန်း)-ဒေါ်မာလာသိန်း၊ ဒေါက်တာဝါဝါသိန်း(ပါမောက္ခ၊ ဌာနမှူး-သမိုင်းဌာန၊ မအူပင်တက္ကသိုလ်)၊ ဦးသန့်ဇင် (လယ်/ဆည်)-ဒေါ်အေးအေးသိန်း(လယ်/ဆည်)၊ ဦးဝင်းနိုင်(DAIZEN Myanmar Co.,Ltd.)-ဒေါ်သီတာလွင်၊ ဦးစောဘဲနေ(အား/ကာ)-ဒေါ်ဖိုးဖိုးသိန်း (MPT)တို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးမျိုးဝင်းညွန့် အသက်(၇၂)နှစ်
### အကြီးတန်း၊ အကောက်ခွန်မှူး(ငြိမ်း)
### မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၄လမ်း(သော်မဆင်)၊ အမှတ် ၉၇နေ (ဦးခင်မောင်ညွန့်-ဒေါ်ယဉ်နု)တို့၏သား၊ (ဦးမောင်မောင်လေး-ဒေါ်အမာရီ)တို့၏ သားသမက်၊ ဒေါ်ခင်ဆွေဝင်း(မန်နေဂျာ-ငြိမ်း၊ MICB)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမျိုးမြင့်ညွန့်-ဒေါ်မြင့်မြင့်အောင်)၊ ဦးမျိုးသန်းညွန့်(ဆလရ-ငြိမ်း)-ဒေါ်မိမိဋ္ဌေး၊ ဦးခင်မောင်ကြိုင် (ဒုညွှန်မှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၊ ဒေါ်ခင်မျိုးညွန့်၊ ဦးမျိုးဆန်းညွန့်၊ ဦးမျိုးဆင့်ညွန့်(လ/ထ အကခမှူး-ငြိမ်း)-(ဒေါ်စန်းစန်းဝင်း)၊ ဒေါ်ခင်မျိုးလှိုင်၊ ဦးဝင်းမောင်(C/E)-ဒေါ်ခင်မျိုးယဉ်၊ ဦးခင်ဇော်(အကခမှူး-ငြိမ်း)-ဒေါ်ခင်မျိုးသိန်း၊ ဒေါ်ခင်မျိုးသစ် (အကခ)တို့၏ညီ၊ အစ်ကို၊ ဗိုလ်မှူးရဲထွဋ်ဝေ(ရသခ)-ဒေါက်တာမျိုးမြတ်သက် (ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးကျော်ဖြိုး ဝေ(OAMS)-ဒေါ်မျိုးသက်ထား(Shwe Bank)၊ ဗိုလ်ကြီးမျိုးကျော်စွာ-ဒေါ်ချိုချိုဝင်း(ပြည့်ဝဆန်ဆိုင်)တို့၏ဖခင်၊ မောင်မြတ်ဟိဏ်းထွဋ်၊ မောင်ဘုန်းထွဋ်ကျော်၊ မောင်ဘုန်းမြတ်ကျော်တို့၏အဘိုး၊ တူ၊တူမ ၁၈ယောက် တို့၏ဦးလေးသည် ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂-၆-၂၀၁၇ရက် (သောကြာနေ့) ညန၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### ဦးဘိုနီ အသက်(၇၀)

ရန်ကုန်မြို့၊ ပင်ရွှေသောင်လမ်း၊ တိုက် ၃၊ ဖလွှာ Bနေ(ဦးစံဖိုး-ဒေါ်စန်းတင်)တို့၏သား၊ (ဒေါ်ငယ်)၏ခင်ပွန်း၊ ဒေါ်ခင်ပပ (E.co Myanmar Limited)၊ ဦးမြင့်ကျော်-ဒေါ်ခင်မြမြ၊ ဦးမော်သိန်းနိုင်-ဒေါ်တင်မမ (Sunfar Travels & Tours)၊ ဦးဖြိုးကိုကို (Embassy of Israel) တို့၏ဖခင်၊ မချောစုစုနိုင် (ပညာနန်းတော်)၊ မချိုဇင်သက်(ပညာနန်းတော်)၊ မစုလတ်သဒ္ဒါတို့၏ အဘိုးသည် ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅နာရီတွင် သျှက်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

# မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့မည့် သဘာဝပတ်ဝန်းကျင်လွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၌ကျင်းပရာ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတက စက်ရုံ၊ အလုပ်ရုံများနှင့် သယံဇာတအခြေခံစီမံကိန်းလုပ်ငန်းများကြောင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများမဖြစ်ပေါ်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် လိုအပ်သည့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းစစ်ဆေးစိစစ်ကြပ်မတ်မှုများ ဆောင်ရွက်သွားရေး၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းစီမံခန့်ခွဲ အကျိုးရှိစွာအသုံးပြုရေး၊ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေး၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများအတွက် ဇုန်နယ်မြေများသတ်မှတ်ပြီး မြေအသုံးချမှု၊ လူနေအိမ်ရာချထားမှုနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ဖြစ်ပေါ်တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ စီမံခန့်ခွဲမှုများနှင့် လိုအပ်သည့် နည်းပညာအဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားရေး စသည့်လုပ်ငန်းစဉ်များသည်

*စာမျက်နှာ ၅ ကော်လံ ၁* ❋

# ရတနာပုံအသင်း အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

**သတင်း -ညီမြတ်သော်တာ**

**ဓာတ်ပုံ- စိုးညွန့်**

**မန္တလေး ဇွန် ၁**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆)ပထမနေ့ကို ယနေ့ညနေပိုင်းကကျင်းပရာ ရတနာပုံ၊ မကွေးနှင့် ရွေဝတီတို့ အနိုင်ရခဲ့ပြီး ရန်ကုန်အသင်း၏ ရှုံးပွဲကြောင့် ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံက ချင်းယူနိုက်တက်ကို ခြောက်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ရန်ကုန်အသင်း၏ ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းယူနိုင်ခဲ့ပြီး ယခုပွဲအပြီး ထိပ်ဆုံးနေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ရတနာပုံအသင်းသည် ဒုတိယအကျော့တွင် လေးပွဲဆက်အနိုင်ရခဲ့ပြီး တိုက်စစ်မှူး ပက်ထရစ်၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်အနိုင်ရခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ❋



ရတနာပုံနှင့် ချင်းယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်

## မိုရာမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**စစ်တွေ ဇွန် ၁**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်တိုက်ခတ်ခဲ့သည့် မိုရာမုန်တိုင်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများကို စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များက သစ်ပင် သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ပျက်စီးအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြန်လည်ထူထောင်**

ဇွန် ၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးတို့သည် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ ဦးဥတ္တမပန်းခြံ၊ ကျေးတောရွာ အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ ရှုပမြောက်ရပ်ကွက်ရှိ အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်း၊ စက်ရုံစုရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းများတွင် နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လေမုန်တိုင်းကြောင့် ပျက်စီး ခဲ့သည့် စာသင်ကျောင်းတချို့ကို ဆောက်လုပ်ရေးကုမ္ပဏီများဖြင့် လည်းကောင်း၊ တချို့စာသင်ကျောင်းများကို နယ်မြေခံတပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့များဖြင့် လည်းကောင်း ပြန်လည်ပြုပြင်ပေးသွားရန်အတွက် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သဘောတူ** ပြည်ထောင်စုလွှတ်တော် စာ » ၇

**နှစ်နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေး** စာ » ၄



**အရှေ့တောင်အာရှတွင် ပထမဆုံး ကွန်တိန်နာထိန်းချုပ်ရေးယူနစ် မြန်မာနိုင်ငံတွင်ဖွင့်လှစ်** စာ » ၉

